# သိင်္ဂါလောဝါဒသုတ်

## (စည်းစိမ်စုနည်းနိဿယရည်းကျမ်း)

ဆရာတော်ဦးဝါသဝ

mgyoe.com

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

ISBN 9789997117175
TAYA57
9 789997 117175
1,500.00KS

mgyoe.com

သိင်္ဂါလောဝါဒသုတ်ဝတ္ထု၊ ဗိုလ်တထောင်ဆရာတော်ဦးဝါသဝ
စာမျက်နှာ ၉၃++ မှုက်နှာ၊ ၁၂•ဂစင်တီ× ၁၈•၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ ပန်းဆိုးလမ်း၊ ရန်ကင်း၊
၂၀၁၉၊ နိုဝင်ဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၂၃ ကြယ်တံခွန်စာပုံနှိပ်တိုက် ရိုက်နှိပ်မှု၊ (မူပိုင်အကျိုးဆောင် မောင်ဘိုးကြံ)

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

ဂဟာဋ္ဌဖြစ်သူလူ၏ဝိနည်းဖြစ်သော ဤသိင်္ဂါလောဝါဒသုတ္တန်
ဝတ္ထု၌ ပါရှိသည့်အတိုင်း၊ ကိုင်းရှိုင်းလိုက်နာကျင့်ကြံကြသော
ဝံသာနွယ်ဖွား အမျိုးသား၊အမျိုးသမီးတို့သည်
အသက်ရှည်သမျှကာလတိုင်အောင် မပြုလုပ်ဘဲ
ရှောင်ကြဉ်လွှဲအပ်သော ဆန္ဒာဂတိ စသော
အဂတိတရားလေးပါးတို့မှလည်းကောင်း၊ စည်းစိမ်ပျက်ပြား
အကျဉ်းအားဖြင့် ဟောကြားအပ်သောအကြောင်း
ခြောက်ပါးတို့မှလည်းကောင်း ဝေးစွာရှောင်ကြဉ်

အပြစ်မြင်၍ ဂုဏ်အင်မမှိန်

**စည်းစိမ်စုနည်း၊ နိဿရည်းကျမ်း။**

အခန်းခန်းတို့ဖြင့် တန်ဆာဆင်ယင်၍ ရန်ကုန်မြို့အရှေ့ပိုင်း
နိဗ္ဗာန်ကျောင်း၌ သီတင်းသုံးလျက်ရှိသော
ဗိုလ်တထောင်ဆရာတော် ဦးဝါသဝသည်

**ဂျီ၊စီ၊ဘီ၊အေ နည်းဟောင်းအရ**

ပမာပြ၍ ရေးသားပြုပြင် စီရင်အပ်သော

# သိင်္ဂါလောဝါဒသုတ်ဝတ္ထု

မူပိုင်အကျိုးဆောင် မောင်ဘိုးကြံ၊
ယောနိသောမနသိကာရအသင်း၊
ရန်ကုန်မြို့(အရှေ့ပိုင်း)၊ နိဗ္ဗာန်ကျောင်း။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

ကျေးဇူးတော်ရှင်ဆရာ ဦးပြားကြီး၏ပုံသဏ္ဍာန်



သေခြင်းတရားကို ဆင်ခြင်စဉ်းစား စိတ်၌အမြဲထားကြပါ။

၁။ မသေမီရှေး၊ ကုသိုလ်ရေး၊ နှောင့်နှေးမရှိရာ။

၂။ နှောင့်နှေးမရှိ၊ ဉာဏ်မျက်စိ၊ ကြည့်၍ဆင်ခြင်ပါ။

၃။ ကြည့်၍ဆင်ခြင်၊ သမ္မာဇဉ်၊ ကိုယ်တွင်ရုပ်နာမ်ကွာ။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ဒီမိုကရေစီနိဒါန်း

**ဗိုလ်** လူများစွာ သတ္တဝါတို့အား သနားကရုဏာ မဟာဗောဓိစိတ္တုပ္ပါဒ် မပြတ်တိုက်တွန်းနှိုးဆော်လေ့ရှိသော သဗ္ဗညုမြတ်စွာဘုရားသည် သိင်္ဂါလသတို့သားကို အကြောင်းပြု၍ သောင်းထုစက္ကဝါ၊ ဘဝဂ်သာအောင် ပျက်မကွာစိတ်သန်ပေါက်၍ ချိန်သမယံ အလျောက်ဟောကာ ပြုခဲ့သော သိင်္ဂါလောဝါဒသုတ်ဝတ္ထုကြား စေ့ငုသိပ်သည်း အံ့ချီးဖွယ်ရာပင် ဖြစ်ချေ၏။

**တ** ရားတော်မြတ်အဆေါင်းတို့တွင်လည်း ၎င်း သိင်္ဂါလောဝါဒသုတ်တရားတော်မြတ်ကား လူ့ဝိနည်း လူတို့ကျင့်ရိုးကျင့်စဉ် ဂိဟိဝိနယ၊ ဂိဟိစာရိတ္တ၊ ဂိဟိအာရက္ခက တရားကောင်း၊ တရားမှန်၊ တရားစစ် အနှစ်သာရနှင့် ပြည့်စုံ၍ ကြုံတွေ့နေထိုင်ကြရသော ဝံသနွယ်ဘွား တိုင်းရင်းသား မြန်မာလူမျိုးအပေါင်းတို့သည် ကောင်းမွန်လေးနက်စွာ လိုက်နာကျင့်ကြံထိုက်သော သုတ္တန်တရားတော်မြတ်ကြီးပင် ဖြစ်ချေ၏။

**ထောင်** သောင်းမကသော မွန်–မြန်မာဗုဒ္ဓဘာသာတို့သည်ကား ၎င်း သိင်္ဂါလောဝါဒသုတ္တန်အဆိုအမိန့်ကို ကျူးကျော်၍ မဖောက်

mgyoe.com

mgyoe.com.



မတရား သောက်စားမူးယစ်ခြင်း၊ ကခြင်းကြည့်ရှု၊ ကြွေပစ်မှုက၊ သူ့မယားကိုဖျက်၊ ပေါင်းဖက်ပျော်ပါး၊ လူယုတ်များနှင့် သွားကာ လမ်းလျှောက်၊ ကတောက်ကတက် ပြုခြင်းကြောင့် ယခုပျက်စီး ဆုံးပါးနေကြရသည်ကား အများကိုယ်တွေ့၊ ယနေ့မျက်မြင်၊ ဒိဋ္ဌပင် ဖြစ်ချေ၏။

ဆ ဆတွေးတွေး၊ လူမှုလူရေး၊ စီးပွားလမ်းရှာရေးမှာလည်း ရှေးရှေး ခေတ်ကာလများနှင့်မတူ၊ ယခုခေတ်၊ ယခုကာလ၊ ယခုလူတို့ စီးပွားရှာရေးလမ်းသည်ကား တစ်နေ့တခြား ရေနည်းငါးသို့ များစွာဆုတ်ယုတ်ပျက်ပြားခြင်း ရှိနေလေသည်များကိုလည်း ယခုခေတ်သမယ ကာလအတွင်းမှာ များစွာတွေးဆကြဖို့ ကောင်းပေ၏။

ရာ ပေါင်းသိန်းသန်းမကသော မျိုးချစ်ဝံသာနုတို့မှာ လူမျိုးကွဲအုပ် စိုးနေသော ဗြိတိသျှကိုလိုနီခေတ်အတွင်း နင်းပြားလိပ်ကဲ့သို့ အောက်ကျနောက်ကျရှိနေသည့်အခါ ဒီမိုကရေစီနည်းလမ်းပြ သဖွယ် သူကြွယ်သား သိင်္ဂါလကဲ့သို့ ချိန်ကာဆ၍ မှန်ရာတည် လေအောင် မြန်မာပြည်ဝံသာနုတို့နှင့် စဥ်လာယခု၊ ယွင်းမခြား ဘဲ၊ အသင်းသားကုမ္မာရီတို့ပါ ကြုံလာပြီ ခေတ်ခါသမယ၌ သနစ်သနာကျကျ ဉာဏ်ဟုန်မချို့စေဖို့လို့ ရန်ကုန်မြို့၊ ဟိုယ ခေါင်က ဗိုလ်တထောင်အရှည်မှီးခဲ့တဲ့ စေတီကြီးအနီးအနား၊ တသီးတခြား စိတ်သန်ပြောင်းလောက်စရာဖြစ်ပေသော နိဗ္ဗာန် ကျောင်းဝိဟာရ၌ ဣရိယာပထကျင့် နလုံးနှင့် သီတင်းသုံးနေ ထိုင်တော်မူလေ့ရှိသော ဆရာတော်ဦးဝါသဝ ပုဂ္ဂိုလ်သူမြတ်က အရပ်ရပ်သော ဗုဒ္ဓဘာသာ မွန်မြန်မာတို့အတွက် တီထွင်၍ စီရင်ရေးထုတ်လိုက်သော သိင်္ဂါလောဝါဒသုတ်ဝတ္ထုပင် ဖြစ်

mgyoe.com

mgyoe.com



ချေ၏။

တော် ရုံလျော်ရုံ ပုံပြင်ဒဏ္ဍာရီဝတ္ထုမျိုးမဟုတ်။ ဥတ္တမမျိုးမှန်၊ အဖိုးတန် အနဂ္ဃကြီးဖြစ်ပေသည့် ဤသိင်္ဂါလောဝါဒသုတ်ဝတ္ထု အဆိုအမိန့်အတိုင်း ဟုတ်မှန်ရာ ကိုင်းရှိုင်းလိုက်နာခြင်းပြုကြပါက နှစ်ဖြာအကျိုး၊ ပွားတိုးထွန်းကားနိုင်ကြမှာကား ယုံမှားဖွယ်ရာမရှိဖြစ်ပေသောကြောင့် အမျိုးသားဝံသာနုတို့အား များများကြီးတိုက်တွန်းနှိုးဆော်ခြင်း ပြုလိုက်ရလေ၏။

ဦး ဝါသဝဆရာတော် ပုဂ္ဂိုလ် အရှင်သူမြတ်သည်ကား မြန်မာပြည်သမ္မာသမ္ဗုဒ္ဓသာသနာတော်လုံးဆိုင်ရာ သံဃသာမဂ္ဂီအဖွဲ့ချုပ်ကြီး သာသနာရေးဌာနချုပ် ဝိနိစ္ဆယပုဂ္ဂိုလ်ဖြစ်၍ ကံကြမ္မာအလွန်ညှိုးငယ်ရှိနေကြသည့် အမျိုးသားဝံသာနုတို့အား သိင်္ဂါလသတို့သားကဲ့သို့ဖြစ်စေရန် ရည်သန်နှလုံးသွင်း၍ အကျဉ်းအမြွက်မျှသော ဤသုတ္တန်ဝတ္ထုကို ဟုတ်မှန်စွာရေးသားခြင်းကိုပြုကြောင်း ဝံသာနုအပေါင်းတို့ အထူးသိဖို့ ဒီမိုကရေစီနိဒါန်းဖြင့် တခမ်းတနား ရေးသားလိုက်ရပေ၏။

ဝါ တစ်နည်းကား ယခုခေတ်အတောအတွင်းမှာ ဖြစ်ပျက်နေပုံအစစအရာရာတို့မှာ သိင်္ဂါလောဝါဒသုတ်ဝတ္ထုနှင့် စကင်းကိုက်အံကျနေပါသောကြောင့် မကောင်းတာ၊ မဟုတ်တာတွေကို ဖယ်၍ အလွန်ဟုတ်သော မြန်မာလူမျိုးဖြစ်သည့်အလျောက် ပေါက်ပေါက်ရောက်ရောက် ဟုတ်ဟုတ်မှန်မှန်၊ တရားသဖြင့် မြန်မြန်ဆန်ဆန် ပြုလုပ်စီမံကြဖို့ရန်ကိုသာ ဝါဝိကပ် ထပ်လောင်း၍ မှန်ကြောင်း အချက်သုတ်ခမ္မနှင့် ဟုတ်သမျှပြော ဟောလိုက်ရပေသည်။

သ တိသစ္စာ တည်ရှိစွာနှင့် ဘယ်ငှာခပ်သိမ်း၊ အကိန်းကိန်းသော

mgyoe.com

mgyoe.com



လုပ်ငန်းဆိုင်ရာ မျိုးတို့မှာ အမျိုးသားချင်း ညီရင်းတနန်း စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြစ်ကြရလေအောင် ပေါင်းသင်းဆက်ဆံပြုလုပ်စိမ့်ကြမှသာ မြန်မာများလိုချင်သော ဟုမ္မရူးလမ်းကြီး ပွင့်တော့မည်မှန်ချေ၏။

ဝ နပ္ပဂုမ္မေ၊ စုံထွေဂနိုင်၊ မြိုင်၏ပမာ၊ သာယာစည်ကားပွင့်လင်းသော အမိမြန်မာတိုင်းပြည်မှာ ဗြူရိုကရေစီနည်းလမ်းကြောင့် စည်းကမ်းကား ဘယ်သို့ဟု အချို့အချို့အရာများစွာ တွေးတောစဉ်းစားကြဖို့ ကောင်းပေ၏။

မိန့် ခဲ့မှာကြား၊ ရှေးလူကြီးများ စကားကား (ရှေးထုံးမပယ်နှင့် ဈေးသုံးမလွယ်နှင့်) အဆိုစကားရှိသော်လည်း ယခု ဝံသာနုမြန်မာလူမျိုးတို့ ရှေးထုံးဟောင်းကြီး ပယ်ဖျက်လျက်အတွက် မရှိဘူးဆိုတဲ့ ဈေးသုံးအလွန်လွယ်ကူပြီးလျှင် နိုင်ငံခြားသားတို့ အသုံးအနှုန်းကို ယခုသုံးစွဲကြခြင်းကြောင့် အတွက်မရှိဘူးဆိုတဲ့ ရွှေမြန်မာတို့မှာ မည်ကဲ့သို့ နစ်နာပျက်စီးရှိနေကြသည်များကို များများကြီး စဉ်းစားကြည့်ကြဖို့ ကောင်းပေ၏။

ခွန်း ဟာ၍ အမျိုးမျိုးအဖုံဖုံ၊ စုံစုံလင်လင်၊ လေးလေးနက်နက် မိန့်ဆိုဟောကြားတော်မူခဲ့သော ရန်ကုန်မြို့၊ ဗိုလ်တထောင်၊ ဆရာတော် ဦးဝါသဝအရှင်ပုဂ္ဂိုလ်သူမြတ်သည် အမျိုးသားဝံသာနုတို့အပေါ် အမျိုးအနွယ် အထူးစောင့်ရှောက်၍ သနားကရုဏာ မေတ္တာဗြဟ္မစိုရ် ပိုမိုထားရှိပြီးလျှင် ဒီမိုကရေစီ နည်းလမ်းပြသဖွယ် ဖြစ်ပေသော ဤသိင်္ဂါလောဝါဒသုတ္တန်ကို ဟုတ်မှန်ရာရေးထုတ်၊ နိဒါန်းအတ္ထုပ္ပတ္တိကြီးတစ်ခုပြုလုပ်၍ သရုပ်သကန် စုံစုံလင်လင် အဓိပ္ပာယ်ပေါ်လွင်အောင် ရေးသားစိမ့်ပါသောကြောင့် လောကုတ္တရာနိဗ္ဗာန်ကြီး၊ လောကီဟုမ္မရူး နိဗ္ဗာန်

mgyoe.com

mgyoe.com


ကြီး၊ နိဗ္ဗာန်အသီးသီးလိုချင်လို့ တောင့်တင့်ဆိုင်း မျှော်လင့်ရှိနေကြကုန်သော မျိုးချစ်ဝံသ၊ ကုလပုတ္တ၊ အာစာရပုတ္တ၊ ယုဝယုဝတိ၊ မြန်ပြည်တိုင်းဖွား အမျိုးသား၊ အမျိုးသမီးတစ်စုတို့သည် ဤသိင်္ဂါလောဝါဒသုတ်ဝတ္ထုတည်းဟူသော ပန်းခိုင်ပန်းကုံးကြီးကို နှလုံးထဲမှာစွဲ၍ သဲသဲမဲမဲ အမြဲကြိုးစား ကြည့်ရှုဆောင်ရွက်နိုင်ကြပါစေကုန်သတည်း။

❑

mgyoe.com

mgyoe.com

## အထူးနှိုးဆော်တိုက်တွန်းချက်

တိုင်းပြည်ရေးကို ပြည်သူပြည်သားများ တိုင်ပင်၍ စီရင်အုပ်စိုးခြင်းကို DEMOCRACY ဒီမိုကရေစီဟု ခေါ်ဆိုရခြင်းကြောင့် ထိုသို့ အုပ်စိုးခြင်းကို ကြိုက်နှစ်သက်တတ်သော DEMOCRAT ဒီမိုကရက် အမည်ရသော ဝံသာနုအသင်းသားအသင်းသူ၊ ပြည်သူရှင်ရဟန်းတို့ သည် ဗုဒ္ဓဘာသာအကြိုက်ကို တိုက်ရိုက်ကြီးဟောပြအပ်သော ဂိဟိဝိနယ လူတို့၏ ဝိနည်းဒေသနာတော်မြတ်ကြီးဖြစ်၍ DIACHY ဒိုင်အာခီနည်း ဥပဒေအရ အုပ်ချုပ်သော BUREAUCRACY ဗြူရိုကရေစီဌာန ခွဲဝေအုပ်ချုပ်ပုံနည်း ဘာသာတစ်ပါးသို့လိုက်ပါ ကြိုက်နှစ်သက်ကြသော BUREAUCRAT ဗြူရိုကရက်ဝေပုံဌာန ခွဲဝေအုပ်ချုပ်မှုဆိုင်ရာ လူပေါင်းတစ်စုတို့ မဖြစ်ကြစေရန် ရည်သန်တောင့်တ စိတ်ဆန္ဒဖြင့် ရေးသားပြုပြင် စီရင်အပ်သော ဤသိင်္ဂါလလောဝါဒသုတ်ဝတ္ထုကို ကျေးဇူးတော်ရှင် ဆရာဦးပြားကြီး၏ ဝံသာနုအသင်းသားအသင်းသူ စသော ဗုဒ္ဓဘာသာ၊ မွန်

mgyoe.com

mgyoe.com



မြန်မာတိုင်းဖွား၊ အမျိုးသားအမျိုးသမီးတို့သည် ဗုဒ္ဓသာသနာတော် တည်ထွန်းနေသမျှ ကာလပတ်လုံး နေ့ညဥ့်မခြား ကြိုးစားရှက်ဆောင် ကျင့်ကြံအားထုတ်နိုင်ကြပါစေကုန်သတည်းဟု အထူးထပ်မံ နှိုးဆော်တိုက်တွန်းချက် ပြုလိုက်ရပေတော့သည်။

❑

mgyoe.com

mgyoe.com

## သိင်္ဂါလောဝါဒသုတ်ဝတ္ထုနိဒါန်း

အစိန္တေယျ၊ သုံးလူ့ထွဋ်ထား၊ သဗ္ဗညုမြတ်စွာဘုရား ကိုယ်တော် မြတ်သည် အထပ်ထပ်သော လောကကို နေ့စဉ် မပြတ် ဆင်ခြင်သုံးသပ်အပ်သော ဓမ္မတာတော်အတိုင်း အာရုံ ရှေးရှု၊ ဆင်ခြင်တော်မူသည်ဖြစ်၍ ယနေ့အခါ ငါဘုရား သည် သိင်္ဂါလအမည်ရသော လုလင်ကြမ်းယောက်ျား၊ သူကြွယ် သားအား လူတို့၏ ဝိနည်းဖြစ်သော သိင်္ဂါလသုတ္တန်၊ ဓမ္မကွန်ကို ဟောပြရန်အချက်ဖြင့် အကွက်ကျ မြင်တော်မူ သည်တစ်တန်။

၎င်း ဓမ္မကွန်သည် လူများအပေါင်း၊ ထောင်သောင်း မက၊ များပြားလှသော ယုဝယုဝတီ၊ သညီထူးခြား၊ အသင် သားအသင်းသူ၊ ပြည်သူ ရှင်ရဟန်းတို့အား အကျိုးမဟာပ္ပလ၊ ပြည့်ဝစုံလင်၊ ထင်ထင်ရှားရှား၊ လက်ဝါးပြင်၌ တင်ထားအပ် သော ကျောက်မျက်ရှင်အလားကဲ့သို့ တိုးပွားမည့်အရေး ကြောင့် နှောင့်နှေးခြင်းမရှိဘဲ ဤသိင်္ဂါလက အမည်ရသော သူကြွယ်သားရှိရာအရပ်သို့ ကိုယ်တော်တိုင် ကြွချီတော်မူ

mgyoe.com

mgyoe.com



ခြင်းတစ်ရပ် အထပ်ထပ်မိန့်ဆိုအပ်သော စကားစဉ်နှင့်အညီ အလီလီသော အကြောင်းဖြင့် အာရုံရှေးရှုကြံတော်မူ၏။

ၿငင်းနှစ်ပါး၊ အကြောင်းများကြောင့် နံနက်စောစောက လျှင် ကျောင်းဝိဟာအပြင်မှ ဆင်ခြင်ကာ ထွက်ကြွခဲ့၍၊ ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံခြင်းအကျိုးငှာ ကြွသွားတော်မူစဉ် ထိုလုလင်ကို နံနက်မခြား မြင်တော်မူသည့်အလားကဲ့သို့ ထင်ရှားစွာ မြင်တော်မူပြန်၏။

ယင်းမှတစ်ဖန် အကြောင်းခံသော် ဤသိင်္ဂါလသုတ်ဓမ္မ၌လည်း ခပ်သိမ်းဥဿုံ၊ အလုံးစုံသော၊ ဗုဒ္ဓဘာသာ၊ သမ္မာစင်ဖြူ၊ အယူရှိကြကုန်သော ဤဝံသာနုအသင်းသားအသင်းသူ၊ ပြည်သူအပေါင်းတို့သည် ကျင့်ကြံကြိုးကုတ်၊ အားထုတ်အပ်သော အမှုကိစ္စမည်သည် ထင်ရှားမသွေ၊ အခြေအမြစ်နှင့်တကွ ရှိ၏။ ထိုတရားကို မဟောကြားဘဲ ခြွင်းချန်ထားခြင်းသည် အလျှင်းမရှိ။ ဤသိင်္ဂါလသုတ်ဓမ္မသည် လူတို့ကို ဆုံးမကြောင်းဖြစ်သော ဝိနည်းမည်၏။

ထိုအကြောင်းကြောင့် ဤသုတ္တန်ဓမ္မ လူတို့၏ဝိနယကို ကြားနာမှတ်သား နှလုံး၌ထား၍ တရားတော်၌ ပါရှိတွေ့ကြုံလာသည့်အတိုင်း မနေမနား၊ အားထုတ်ပြုကျင့်သော လူအပေါင်းအား မျက်မြင်ကိုယ် တွေ့ဖြစ်သော ကောင်းကျိုးချမ်းသာမင်္ဂလာ၊ သံသရာဘဝ၊ ရှည်လျားသမျှသော အခွင့်အခါ၌ဖြစ်သော ကောင်းဆိုးသမျှအရာရာ၊ အဖြာဖြာသော မင်္ဂဖိုလ်နိဗ္ဗာန် အတန်တန်သော ပရမတ္ထကောင်းကျိုးချမ်းသာ၊ မင်္ဂလာအပေါင်းတို့ဖြင့် ကြီးပွားတိုးတက်ခြင်းသည်သာလျှင် မချွတ်ဧကန် အမှန်ဖြစ်လတ္တံ့။

mgyoe.com

mgyoe.com



သို့ဖြစ်ပါ၍ ယခုခေတ်နှင့် ဝံသာနုအသင်းအပင်းတို့မှာလည်း လက်ငင်းကိုယ်တိုင် ငေးကာမှိုင်ရသော ဒိုင်အာခီနည်းစနစ်အရ ဘေးဒုက္ခမှလွတ်မြောက်ကြရန် ရည်သန်စိတ်ထား၍ ဤဝိနည်းတရားတော်အတိုင်း ကိုင်းရှိုင်းကျင့်ကြံကြလျက် သမ္မတသာသနာပိုင် ဖြစ်တော်မူသော ဘေးမဲ့ဆရာတော်ဘုရားကြီးနှင့် အသီတိဆရာတော် ဘုရားကြီးများကြီးကြပ်အုပ်ချုပ်သော သာမဂ္ဂီဝင်ပုဂ္ဂိုလ်အရှင်တို့၏ ဩဝါဒအတိုင်း လိုက်နာနိုင်ကြပါစေကုန်သတည်း။

ဆရာတော်ဦးဝါသဝ၊
ဗိုလ်တထောင်၊ ရန်ကုန်မြို့။

❑

mgyoe.com

mgyoe.com

## ကျမ်း၏အစ ပဏာမ

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
ဝတ္ထုတ္တယံနမဿိတွာ၊ မစုမ္မဝါသိနတ္တာယ။
ယထာဗလံလိခိဿာမိ၊ သိင်္ဂါလောဝါဒသုတ္တန္တံ။
(ဝတ္ထုဂါထာ)
သုဏာထသာဓဝေါ၊ နိစ္စန္တိ(ဂါထဒွ)
(အနက်ကား)

ဝတ္ထုတ္တယံ။ ဘုရားအစ၊ တရားအလယ်၊ သံဃာ အဆုံး သုံးပါးသော ရတနာမြတ်အပေါင်းကို။ အဟံ။ ဗိုလ် တထောင်ဆရာတော်ဟု ခေါ်ဝေါ်သမုတ် အကျွန်ုပ်သည်။ (ခန္ဓပဥ္စကဒြပ်ကြီးကို သုံးသပ်အနက် ယောဇနာလိုက်သော နည်း၊ ခပ်သိမ်းသောအဋ္ဌကထာ၊ ဋီကာဆရာကြီးတို့ အလို) တစ်နည်းကား– အဟံ။ မြန်မာပြည်၊ သမ္မာသမ္ဗုဒ္ဓ သာသနာ တော်လုံးဆိုင်ရာ မဟာသံဃသာမဂ္ဂီ အဖွဲ့ချုပ်ကြီး၏ သာသနာတော်ရေးဆိုင်ရာဘက်မှ။ ဝိနိစ္ဆယပုဂ္ဂိုလ်ကြီးတစ်ဆူ

mgyoe.com

mgyoe.com



ဖြစ်ရှိတော်မူသော ရန်ကုန်မြို့အရှေ့ပိုင်း နိဗ္ဗာန်ကျောင်း ဆရာတော်ဘုရားတည်းဟူသော အကျွန်ုပ်သည် (ကျမ်းပြု ဆရာ ပုဂ္ဂိုလ်သူမြတ်၏ဂုဏ်ကို သုံးသပ်အနက် ယောဇနာ လိုက်သောနည်း၊ မဏိဒီပစသော၊ ခပ်သိမ်းသော ဋီကာဆရာ ကြီးများအလို) နမဿိတွာနမာမိ၊ ကာယဝစီ၊ မနောချီ၍၊ သုံးလီရှင်ဖြိုး၊ လက်စုံမိုးလျက် ရှိခိုးမာန်လျှော့၊ ကန်တော့ လိုက်ပါ၏။ နမဿိတွာ၊ ရှိခိုးပြီး၍၊ မရမ္မဝါသီနံ၊ မြန်မာ တိုင်းပြည်နိုင်ငံ၌ နေထိုင်လေ့ရှိကြကုန်သော၊ ပြည်သူပြည် ဖွား၊ ဝံသာနုအမျိုးသားတို့၏။ တစ်နည်းကား။ မရမ္မဝါသီနံ၊ အမိ မြန်မာပြည်ကြီး၌၊ တည်တွင် နေထိုင်လေ့ရှိကြကုန်သော ဗုဒ္ဓဘာသာ ဝံသာနုမျိုးချစ်တို့နှင့် အသင်းသူအသင်းသား၊ အမျိုးသားအမျိုးသမီးအပေါင်းတို့၏ ဟုမ္မရူးဒိမို၊ ထိုထိုလမ်း စခန်းကြီးတို့၌ တစ်ထီးတစ်နန်း၊ နန်းကြငှန်းတို့နှင့် မိုငြမ်း တိုးပွား၊ အမျိုးသားတို့ အကျိုးများစားစေဖို့ငှာ ယံသိင်္ဂါ လောဝါဒသုတ္တံ၊ သူကြွယ်သား သိင်္ဂါလကသတို့သားကို အကြောင်းပြု၍ ဟောပြကြောင်း။ နည်းကောင်းထုံးပြ၊ ဆုံးမရာဖြစ်သော အကြင်သိင်္ဂါလောဝါဒသုတ်ဝတ္ထုကို။ အဟံ၊ ဗိုလ်တထောင်ဆရာတော်ဟု ထင်ပေါ်ကိတ္တိ၊ ဂုဏ်ထူး ရှိတော်မူသော၊ မျိုးချစ်ပုဂ္ဂိုလ် အရှင်သူမြတ်သည် ယထာ ဗလံ၊ ပါဠိအဋ္ဌကထာ ကျမ်းဋီကာနှင့် ခေတ်ကာလကျ ဟုမ္မရူးစခန်းလည်း ရလေအောင် သမ္မတနွယ်မြောက် စွမ်း အားရှိသလောက် တိုင်းရေးပြည်ရေး၊ နိုင်ငံရေးစုံစွာ။ လိခိ ဿာမိ၊ အဂတိလေးပါး မလိုက်စားဘဲ တရားရှိသမျှ ယထာ ဘူတနည်းဖြင့်သာ အနည်းနည်း အနာနာ ကောင်းစွာရေး

mgyoe.com

mgyoe.com



သွားလိုက်ပါဦးအံ့။ တံ၊ ထိုရန်ကုန်မြို့ အရှေ့ပိုင်း မိုလ်တထောင်ဆရာတော် ထုတ်ဖော်ရေးသားလိုက်သော သိင်္ဂါလောဝါဒသုတ်ဝတ္ထုကြီးကို။ သာဓဝေါ၊ သူတော် ကောင်းဖြစ်ကြကုန်သော မျိုးချစ်ဝံသာနုတို့နှင့် ကုမ္မာရီ အသင်းသားအသင်းသူ၊ အမျိုးသား အမျိုးသမီးအပေါင်း သူတော်ကောင်းတို့သည် နိစ္စံ၊ နေ့ရောညဉ့်ပါ ဘယ်ငှာမစဲ၊ နှလုံးထဲ၌ စွဲစွဲမြဲမြဲ။ တစ်နည်းကား–နိစ္စံ၊ မိုလ်တထောင် ဆရာတော် ထုတ်ဖော်ရေးသားလိုက်သည့် သိင်္ဂါလောဝါဒ သုတ်ဝတ္ထုသည်၊ လူမှုလူရေး၊ အိမ်ထောင်ရေးနှင့် သက်မွေး ဝမ်းကျောင်း မချို့လူတို့ဝိနည်း၊ ဂိဟိဝိနယ၊ ဂိဟိစာရိတ္တ တရားတော်အစစ်ကြီး ဖြစ်ပါပေတကားဟု အားရပါးရ ပါမောဇ္ဇစိတ်စွဲ၊ နှလုံးထဲ၌၊ သဲသဲမဲမဲ၊ စွဲမြဲနိစ္စ၊ မုချအားဖြင့်။ သုဏာတ၊ ဝမ်းမြောက်ဝမ်းသာ စေတနာနှင့် ကောင်းစွာ နာယူမှတ်သားလိုက်ကြပါကုန်လော့။ တစ်နည်းကား– သုဏာထ၊ ဆရာတော်ဦးပြားကြီး၏ ဝံသာနုယ်ဖွား၊ အမျိုး သားအမျိုးသမီးအပေါင်း သူတော်ကောင်းတို့သည် ရှွင် ညောင်းဖောဖြာ၊ စေတနာနှင့် ကောင်းစွာနာယူမှတ်သား ဆောင်ရွက်လိုက်ကြပါစေလို။ ဣတိ၊ ဤသည်လျှင်၊ ကျမ်း ၏အစ ပဏာမပေတည်း။

❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## သိင်္ဂါလောဝါဒသုတ်အချီးစကား

တစ်ရံရောအခါ (ဘဂဝါ)အမည်ရှိသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၏အနီး မနီးမဝေးသော ရှဉ့်နက်တို့အား အစာကျွေးမွေးရာဖြစ်သော ဝေဠုဝန်ဥယျာဉ်၌ သီတင်းသုံးစံပယ်တော်မူ၏။

(ဧဝံမေသုတံ)စသော ပါဠိစကားတော်သည် ပဌမသင်္ဂါယနာတင်တော်မူသောအခါ အရှင်အာနန္ဒာသည် လျှောက်ထားအပ်သောစကားအစဉ်မည်၏။ (ဘဂဝါ)ဟူသော ပုဒ်ကို ဝိသုဒ္ဓိမဂ်၊ သမန္တပါသာဒိက၊ ဝိနယကအဋ္ဌကထာ စသည်တို့၌ မိန့်ဆိုအပ်သော နည်းအတိုင်းအလိုင်းတကြီး ချဲ့ထွင်မှတ်သားအပ်၏။

(ရာဇဂဟေ)ဟူသော ပါဠိတော်၌ ရာဇဂြိုဟ်ဟူသော မြန်မာအမည်သည် တိုင်းပြည်နိုင်ငံမြို့၏အမည်ဖြစ်၍ ထိုအရပ်ကို မန္ဓာတ်မင်း၊ မဟာဂေါဝိန္ဒမင်း စသည်တို့သည် သိမ်းဆည်းစောင့်ရှောက် နေထိုင်အပ်သည်၏အဖြစ်ကြောင့် ရာဇဂြိုဟ်ပြည်၊ ရာဇဂြိုဟ်မြို့ဟု မြန်မာဘာသာအားဖြင့် ခေါ်ဆိုအပ်၏။ ထိုအရပ်သည် ဘုရားပွင့်တော်မူသောအခါ၌လည်းကောင်း၊ စက္ကဝတ္တိမင်းဖြစ်ရာ ကာလ၌လည်းကောင်း၊ မြို့မည်၏ ကြွင်းသောကာလ၌ကား တောတောင်အတိဖြစ်၍ ဘီလူးတို့

mgyoe.com

mgyoe.com



နေရာဖြစ်၏။ ထိုအရပ်ကို မြတ်စွာဘုရားသည် ဆွမ်းခံရွာပြု၍ ထိုင်လျှောင်းရပ်သွား လေးပါးသော သောတ္တရိယာပုတ်များဖြင့် သီတင်းသုံးစံပယ်တော်မူ၏ဟု မှတ်ယူရမည်။

(ဝေဠုဝနေ)ဟူသော ပါဠိတော်၌ ဝေဠုဝန်ဟူသော မြန်မာအမည်သည် ထိုဥယျာဉ်၏အမည်ပညတ်ဖြစ်၍ ဝါးရုံတို့ဖြင့် ခြံရံအပ်ခြင်းတစ်ရပ်၊ တစ်ဆယ့်ရှစ်တောင်ရှိသော တံတိုင်းဖြင့်လည်း ခြံရံအပ်ခြင်းတစ်ရပ်။ တန်ဆောင်းပြာသာဒ်ပြအိုးတို့နှင့်လည်း ယှဉ်ခြင်းတစ်ရပ်၊ စိမ်းညိုသောအရောင်အဆင်းရှိခြင်းလည်း တစ်ရပ်၊ စိတ်နှလုံးမွေ့လျော်ဖွယ်ရှိခြင်းလည်း တစ်ရပ်။ ထိုအကြောင်းငါးပါးတို့ကြောင့် ဝါးတောဥယျာဉ်ဟူ၍ ခေါ်ဆိုအပ်၏။ သည်မျှသာမဟုတ်သေး။ ဤဝါးတောဥယျာဉ်၌ ရှဉ့်နက်တို့အား အစာနေရာကိုပေးကုန်၏။ ထို့ကြောင့် (ကလန္ဒကနိဝါပေ)ဟု ပါဠိဘာသာအားဖြင့် ခေါ်ဆိုအပ်၏။

## (အဋ္ဌကထာစကားစဉ်ဝါကျကို ပြဆိုဦးအံ့)

(ရှေးလွန်လေပြီးသောအခါ ထင်ရှားကျော်ကြားသော မင်းတစ်ဦးသည် ထိုဥယျာဉ်၌ မြူးထူးကစားခြင်းအကျိုးငှာ လာရောက်သည် ဖြစ်၍ ယစ်မူးစေတတ်သော သေအရက်ဖြင့် မေ့လျော့တွေဝေခြင်းကြောင့် နေ့အခါအိပ်ပျော်ခြင်းသို့ ရောက်၏။ ထိုမင်း၏ အခြံအရံဖြစ်သော ပရိသတ်ဗိုလ်ခပင်းသည်လည်း ငါတို့သခင်အရှင်မင်းသည် အိပ်ပျော်ခြင်းသို့ရောက်ပြီဟု နှလုံးပိုက်၍ ပန်းသစ်သီး စသည်တို့သည် ဖြားယောင်းသွေးဆောင် ယောင်ယောင်မှားမှား ခေါ်ငင်၍ သွားဘိသကဲ့သို့ ထိုမှ ဤမှ စိတ်နေကြွလျက် ဖဲသွားကြ၏။ ထိုအခိုက်အတန့်၌ သေအရက်၏အနံ့ဖြင့် အမှတ်မရှိ တစ်စုံတစ်ခုသော သစ်ပင်၏အခေါင်းမှ (ကဏှသပ္ပ) အမည်ရသော မြွေဟောက်တစ်ကောင်သည် ထွက်လတ်၍ မင်းရှိရာ

mgyoe.com

mgyoe.com



အရပ်သို့ ရှေးရှုလာလေ၏။ သစ်ပင်စောင့်နတ်ရုက္ခစိုးသည် ထိုမြွေဟောက်ကိုမြင်၍ မင်းအား အသက်ဇီဝိတိန္ဒြေကို ပေးလှူအံ့ဟုကြံလျက် ရှဋ္ဌနက်၏အသွင်ဖြင့် ဖန်ဆင်းပြီးလျှင် ချဉ်းကပ်၍ နားရင်း၌ အသံကို ပြု၏။ မင်းသည် ထိုအသံဖြင့်နိုးလတ်၍ မြွေဟောက်သည် ပြန်နစ်ခဲ့၏။ ထိုမင်းသည်ကား မြွေဟောက်ကိုမြင်၍ ဤရှဋ္ဌနက်သည် ငါ့အား အသက်ကိုပေးအပ်၏ဟု ဆုံးဖြတ်ပိုင်းခြား နှလုံးထား၍ ရှဋ္ဌနက်တို့အား ထိုအရပ်၌ အစာနေရာကိုဖြစ်စေ၏။ ဘေးရန်မရှိစိမ့်သောငှာ ကြွေးကြော်ခြင်းကိုလည်း ကြွေးကြော်စေ၏။ ဤအကြောင်းသုံးပါးတို့ကြောင့် ထိုဥယျာဉ်သည် ထိုအခါသမယမှစ၍ (ကလန္ဒကနိဝါပ)ဟူသော ခေါ်ဝေါ်ခြင်းသို့ ရောက်၏။ ထိုစကားသည် အသင့်ယုတ္တိ မြဲမြံစွာရှိ၍။ (ကလန္ဒက)ဟူသော အမည်သည် ရှဋ္ဌနက်တို့၏ အမည်တည်းဟု မှတ်အပ်၏။ စကားအစဉ်ကား ဤသို့တည်း။)

(ဤကဲ့သို့ကွင်းတွင်းရှိ စကားရပ်များကို ဝတ္ထု၏ မကျဉ်းမကျယ် အလယ်အလတ်ဖြစ်သောအဓိပ္ပာယ်ဟု မှတ်အပ်၏။ နောက် ဤကဲ့သို့ ချည်း မှတ်အပ်ရမည်။)

## (သိင်္ဂါလကသတို့သားအတ္ထုပ္ပတ္တိ)

အကြင်အခါ၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်ကို ဆွမ်းဂေါစရဂါမ်ပြု၍ ရှဋ္ဌနက်တို့အား အစာကျွေးမွေးရာ ဘေးမရှိရာဖြစ်သော ဝေဠုဝန်ဥယျာဉ်၌ သီတင်းသုံးစံပယ်တော်မူ၏။ ထိုအခါ၌ သိင်္ဂါလက အမည်ရသော သူကြွယ်၏သား ရာဇဂြိုဟ်ပြည်သားသည် ထင်ရှားစွာ ရှိသတတ်။ (ဂဟပတိသပုတ္တော ဂဟပတိပုတ္တော၊ ဟုဝိဂြိုဟ်ပြု၊ ဂဟပတိသ၊ သူကြွယ်၏။ ပုတ္တော၊ သားယောကျ်ားဖြစ်သော သိင်္ဂါလက အမည်ရသောသူတည်း။ ဂဟပတိပုတ္တော၊ သူကြွယ်၏သားယောကျ်ား

mgyoe.com

.mgyoe.com



ဖြစ်သော။ သိင်္ဂါလက အမည်ရသောသူ။ ဤကားအနက်)

ထိုသင်္ဂါလကသတို့သား၏ အဘသည်များသော ဥစ္စာရတနာရှိသော သူကြွယ်ဖြစ်၍ ရာဇဂြိုဟ်ပြည်၌ ထင်ရှားကျော်ကြား၏။ ထိုသူကြွယ်၏အိမ်၌ သိုမှီးမြှုပ်နှံထားအပ်ကုန်သော ကုဋေလေးဆယ်သော ဥစ္စာနှစ်တို့သည် ရှိကုန်၏။ ထိုသူကြွယ်သည် မြတ်စွာဘုရား၌ ယုံကြည်လေးမြတ်သောအားဖြင့် ဆုံးဖြတ်ခြင်းသို့ရောက်၏။ ရတနာသုံးပါးသို့ ဆည်းကပ်တတ်သော သောတာပန်သာလျှင်ဖြစ်၍ ထိုသူကြွယ်၏ အိမ်ရှင်မဘရိယသည်လည်း သောတာပန်သာလျှင် ဖြစ်သတတ်။ (အဋ္ဌကထာသဃ၊ ပရဋ္ဌကထာသဃ၊ အတ္ထယုတ္တိက၊ ပုဏ္ဏဝသိကအားဖြင့် လေးပါးသော သုတ္တနိက္ခေပတို့တွင် ဤသုတ်ကိုထားခြင်းသည် အတ္ထုပ္ပတ္တိကတည်းဟု ပြခြင်းငှာ (ပုစ္ဆာပန)စသည်ကို အဋ္ဌကထာ၌ မိန့်အပ်၏။)

သားဖြစ်သော သိင်္ဂါလကသည်ကား ယုံကြည်လေးမြတ်ခြင်း သဒ္ဓါတရားမရှိ၊ ရတနာသုံးပါး၌ ကြည်ညိုလေးမြတ်ခြင်းလည်းမရှိ ထိုအကြောင်းကြောင့် သိင်္ဂါလကမည်သော သတို့သားကို မိခင်ဖခင် ကျေးဇူးရှင်တို့သည် မပြတ်မလပ် အထပ်ထပ်လျှင် ဆုံးမအပ်သော အခွင့်အခါ၌ ဤသို့ဆိုလတ္တံ့သော စကားအတိုင်း ဆုံးမကြကုန်၏။

## (သိင်္ဂါလကသတို့သားကို မိဘတို့ဆုံးမခန်း)

ချစ်သား အမောင်သိင်္ဂါလက လူနတ်တို့ဆရာ သမ္မာသမ္ဗုဒ္ဓ အမည်တော်ရသော မြတ်စွာဘုရားထံသို့ ချဉ်းကပ်လော့။ တရားစစ်သူကြီးဖြစ်တော်မူသော အရှင်သာရိပုတ္တရာထံသို့လည်းကောင်း၊ အရှင်မောဂ္ဂလာန်ထံသို့လည်းကောင်း။ အရှင်မဟာကဿပထံသို့လည်းကောင်း၊ ရှစ်ကျိပ်သော မဟာသာဝကထံသို့လည်းကောင်း ချဉ်းကပ်သွားရောက်လော့။ ဤဆိုခဲ့တိုင်းသော စကားအတိုင်း ဆုံးမကြကုန်၏။ သား

mgyoe.com

mgyoe.com


ဖြစ်သော သိင်္ဂါလကသည် ခုခံစကား ငြင်းပယ်သောအားဖြင့် အကျွန်ုပ်သည် သင်တို့၏ ရဟန်းပုဂ္ဂိုလ်အထံသို့ ချဉ်းကပ်သွားရောက်ရန်ကိစ္စသည် အလျှင်းပင်မရှိပါ။ ရဟန်းပုဂ္ဂိုလ်တို့၏အထံသို့ သွားရောက်၍ ရှိခိုးအပ်သည်ဖြစ်အံ့။ ညွတ်ကိုင်း၍ရှိခိုးသောသူ၏ ကျောကုန်းသည် နာကျင်ခြင်းသို့ရောက်၏။ ပုဆစ်ဒူးတို့သည် ကြမ်းတမ်းခြင်းသို့ ရောက်ကုန်၏။ မြေ၌ နေထိုင်အပ်သည်ဖြစ်အံ့။ ထိုမြေ၌နေထိုင်သောသူ၏ အဝတ်ပုဆိုးတို့သည် ညစ်နွမ်းကုန်၏။ ဆွေးမြည့်ခြင်းသို့ ရောက်ကုန်၏။ ရဟန်းပုဂ္ဂိုလ်တို့၏ အနီးအပါး၌ ထိုင်နေသည်မှစ၍ စကားပြောဟောခြင်းသည် ဖြစ်လတ္တံ့။ ထိုစကားပြောဟောခြင်းဖြစ်လတ်သော် အကျွမ်းဝင်ခြင်းသည် ဖြစ်လတ္တံ့။ ထိုကဲ့သို့ အကျွမ်းဝင်ခြင်းကြောင့် ပင့်ဖိတ်လျှောက်ကြား၍ သင်္ကန်းဆွမ်းစသော ပစ္စည်းလေးပါးတို့ကို ပေးလှူအပ်ကုန်သည်ဖြစ်လတ္တံ့။ ဤသို့ ပစ္စည်းလေးပါးတို့ကို ပေးလှူအပ်ကုန်သည်ရှိသော် အကျိုးစီးပွား၊ ဥစ္စာရတနာများသည် ကုန်ဆုံးယုတ်လျော့လတ္တံ့။ အကျွန်ုပ်အား မိခင်၊ ဖခင် ကျေးဇူးရှင်တို့၏ ကိုးကွယ်ဆည်းကပ်အပ်သော ရဟန်းပုဂ္ဂိုလ်အထံသို့ ချဉ်းကပ်ခြင်းကိစ္စသည် အလျှင်းပင်မရှိပါဟု ခုခံစကား ငြင်းပယ်သောအားဖြင့် ပြောကြားလေ၏။ ဤနည်း မပြတ် အထပ်ထပ်ဆုံးမအပ်သော်လည်း ရှေးနည်းမသွေ၊ ငြင်းပယ်လေသောကြောင့် သိင်္ဂါလကသတို့သားကို အသက်ရှည်သမျှ ကာလပတ်လုံး ဆုံးမစကား ပြောကြားငြားသော်လည်း အမိအဖတို့သည် အံ့ဖွယ်ရှစ်ဖြာ၊ ဘုရားသာသနာတော်၌ ဆောင်ခြင်း၊ တည်ခြင်းငှာ မတတ်နိုင်။ ထိုသို့ မတတ်နိုင်သောကြောင့် သတို့သား၏ အဘသူကြွယ်သည် သေရာ ညောင်စောင်း၌ လဲလျောင်းလျက် ငါ၏သားအား အဆုံးအမ ဩဝါဒကို ပေးခြင်းငှာ သင့်တင့်၏ဟု ကြံစည်တွေးတော၍ နောက်တစ်ဖန် အကြံဖြစ်ပြန်လေ၏။

mgyoe.com

mgyoe.com


(ဒိသာ တာတ နမဿာဟိ) အမောင်ချစ်သား ... သိင်္ဂါလက သတို့သား အရပ်မျက်နှာတို့ကို ရှိခိုးလော့။ ဤစကားကို ငါ့သားအား အဆုံးအမ ဩဝါဒပေးအံ့။ ထိုသားသည်အနက်အဓိပ္ပာယ်ကို မသိမမြင် ဘဲလျက် ပကတိလူတို့၏ ခေါ်ဝေါ်သမုတ်အပ်သော အရပ်မျက်နှာတို့ကို ရှိခိုးလတ္တံ့။ ထိုအခိုက်အတန့်၌ ငါ၏သားမိုက်ကို မြတ်စွာဘုရားသည် လည်းကောင်း၊ တပည့်သား သာဝကတို့သည်လည်းကောင်း၊ တွေ့မြင်၍ သင်သည် ဘယ်အမှုကိုပြုဘိသနည်းဟု မေးမြန်းကုန်လတ္တံ့။ ထိုသို့ မေးမြန်းခြင်းကြောင့် အကျွန်ုပ်၏အဘသည် (ဒိသာနမဿနံ ကရောဟိ) အရပ်မျက်နှာတို့ကို ရှိခိုးခြင်းကို ပြုလော့ဟူ၍ အကျွန်ုပ်အား အဆုံးအမ ဩဝါဒပေး၏။ ဤစကားကို လျှောက်ဆိုလတ္တံ့။ ထိုအခါ၌ ငါ၏သား အား တွေ့မြင်ကြသော ဘုရား၊ ဘုရားတပည့်သားတို့သည် သင်၏အဘ သည် ဤအရပ်မျက်နှာတို့ကို စင်စစ်အားဖြင့် ရှိမခိုးစေ။ ဤအရပ်မျက်နှာ တို့ကိုသာလျှင် မုချအားဖြင့် ရှိခိုးစေ၏။ ဤသို့ ပြောဟော၍ တရား လမ်းမှန်ကိုညွှန်ကြားလတ္တံ့။ ငါ၏သားသည် အံ့ဖွယ်ရှစ်ဖြာ၊ ဘုရားသာ သနာတော်၌ ဂုဏ်ကျေးဇူး အထူးရှိသည်ကို ပညာမျက်စိဖြင့် အမှန်သိ၍ ကောင်းမှုကုသိုလ်ကို မချွတ်မလွဲ။ အမြဲကေန် အမှန်ပြုလတ္တံ့။ ဤသို့ သော စိတ်အကြံသည် ဖြစ်၏။ ထိုအခါ၌ သိင်္ဂါလကမည်သော သတို့ သားကိုခေါ်စေ၍ ချစ်သားအမောင် သိင်္ဂါလက စောစောကပင်လျှင် အိပ်ရာမှထ၍ အရပ်မျက်နှာတို့ကို ရှိခိုးလေလော့ဟု ဤစကားကို ပြော ဆိုမှာထားခဲ့၏။ သေရာညောင်စောင်း၌ လျောင်းသောသူ၏ ပြောဆိုမှာ ထားခဲ့သော စကားမည်သည်ကား အသက်ရှည်သမျှ ကာလပတ်လုံး အောက်မေ့ဆင်ခြင်အပ်သည် ဖြစ်၏။ ထို့ကြောင့် သောတာပန်ဖြစ်သော သူကြွယ်၏သားသည် အဘပြောကြား မှာထားခဲ့သောစကားကို အတန် တန် ဆင်ခြင်အောက်မေ့လျက် ထိုအဘပြောကြားမှာထားခဲ့သည့် အတိုင်း

mgyoe.com

mgyoe.com


ပြု၏။ ထို့ကြောင့် (ကာလဿေဝ ဥဋ္ဌာယ ရာဇဂဟာနိက္ခမိတွာ) စသော စကားကို ပါဠိတော်၌ ဟောတော်မူအပ်၏။

ထိုသိင်္ဂါလကအမည်ရှိသော သူကြွယ်၏သားသည် အဘပြော ကြားမှာထားခဲ့သည့်အတိုင်း ပြုလို၍ နံနက်စောစောကလျှင် အိပ်ရာ မှထလတ်၍ စိုစွတ်သော အဝတ်ပုဆိုးကို ဝတ်ဆင်လျက် စိုစွတ်သော ဆံပင်ကိုဖြန့်ပြီးလျှင် လက်အုပ်ချီလျက် ရာဇဂြိုဟ်ပြည်မှထွက်ပြီးလျှင် အရှေ့အရပ်မျက်နှာကိုလည်းကောင်း၊ တောင်အရပ်မျက်နှာကိုလည်း ကောင်း၊ အနောက်အရပ်မျက်နှာကိုလည်းကောင်း၊ မြောက်အရပ်မျက်နှာ ကိုလည်းကောင်း၊ အောက်အရပ်မျက်နှာကိုလည်းကောင်း။ အထက် အရပ်မျက်နှာကိုလည်းကောင်း ဤသို့အားဖြင့် အထူးထူး အပြားပြား များစွာသော အရပ်ခြောက်မျက်နှာတို့ကို ရှိခိုး၏။ ထိုရှိခိုး၍နေသော အခါ၌ ဘုန်းတော်ခြောက်စုံ၊ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် နံနက်အခါ၌ သင်းပိုင်ကို သပ္ပာယ်တော်မူ၍ သင်္ကန်း ကိုဝတ်ရုံပြီးလျှင် သပိတ်ကိုဆောင်ယူတော်မူ၍ ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံကြွတော်မူခြင်းငှာ ကြွချီတော်မူ၏။ ထိုအခိုက်အတန့်၌ နံနက် စောစောကလျှင် အိပ်ရာမှထလတ်၍ ရာဇဂြိုဟ်ပြည်မှထွက်၍ စိုစွတ် သောအဝတ်ပုဆိုးကို ဝတ်ဆင်လျက် စိုစွတ်သောဆံပင်ကို ဖြန့်ပြီးလျှင် လက်အုပ်ချီလျက် အရှေ့အရပ်မျက်နှာ အစရှိသော အရပ်ခြောက်မျက်နှာ တို့ကို ရှိခိုးလျက်ရှိသော သိင်္ဂါလက အမည်ရှိသော သူကြွယ်သားကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကြည့်ရှုဆင်ခြင်တော်မူ၏။ ကြည့်ရှုဆင်ခြင်တော်မူခြင်း၊ မြင်တော်မူခြင်းသည် ယခုကြွချီတော်မူဆဲ၊ ဝင်တော်မူဆဲအခါ၌သာလျှင် ကြည့်ရှုဆင်ခြင်၊ မြင်တော်မူသည်မဟုတ်။ စင်စစ်ကေန် အမှန်အားဖြင့် နံနက်မိုးသောက် ထအခါ၌လည်း အာသယာ နုသယဉာဏ်တော်၊ ဣန္ဒြိယ ပရောပရိယတ္တိဉာဏ်တော်

mgyoe.com

mgyoe.com



တည်းဟူသော ဗုဒ္ဓစက္ခုဖြင့် လောကသုံးပါးကို ကြည့်ရှုဆင်ခြင်တော်မူလတ်သော် အထူးထူးအပြားပြား များစွာသော အရပ်ခြောက်မျက်နှာတို့ကို ရှိခိုးဝပ်တွားလျက်နေသော ဤသိင်္ဂါလကမည်သော သူကြွယ်သားကိုမြင်၍ ယနေ့နံနက်အဖို့၌ ငါဘုရားသည် (သိင်္ဂါလက)မည်ဆန်းဤကြမ်းတမ်းသော သူကြွယ်သားအား (ဂဟဋ္ဌ) ဖြစ်သူ လူတို့၏ဝိနည်းဖြစ်သော (သိင်္ဂါလကသုတ္တန္တဓမ္မ)ကို ဟောကြားညွှန်ပြ ဩဝါဒပေးအံ့။ လူများအပေါင်း ထောင်သောင်းမက များပြားလှစွာသော ပရိသတ်တို့အား ဟောပြောလတ္တံ့သော ဝိနည်းတရားတော်သည် ကောင်းကျိုးဖွံ့ဖြိုးရေအလျဉ်တိုးသကဲ့သို့ ဖြစ်လတ္တံ့။ ဤသိင်္ဂါလကမည်သော လူကြမ်းယောကျ်ား သူကြွယ်သားရှိရာအရပ်သို့ ငါဘုရားကိုယ်တိုင် ကြွချီအပ်၏ဟု ကြံစည်တွေးတော၊ စိတ်မနှောနှင့်၊ နံနက်စောစောကလျှင် ထွက်ကြွတော်မူ၍ ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံတော်မူခြင်း အလို့ငှာ ကြွချီတော်မူ၏။ ကြွချီတော်မူဆဲ၊ ဝင်တော်မူဆဲအခါ၌လည်း ထိုသိင်္ဂါလမည်သော သူ ကြွယ်သားကို မိုးသောက်ထသောအခါ မြင်တော်မူသည်နှင့် အတူသာလျှင် မြင်တော်မူပြန်၏။ ထိုအကြောင်းနှစ်ပါးကြောင့် (အဒ္ဒ သခေါ ဘဂဝါ)ဟူသော သဒ္ဒပဗန္ဓအစဉ်ကို ပါဠိတော်၌ ဟောတော်မူအပ်၏။

### (သိင်္ဂါလကသတို့သားကို မြတ်စွာဘုရားမေးမြန်းပုံ)

ထိုသို့ ကြည့်ရှုဆင်ခြင်တော်မူပြီး၍ သိင်္ဂါလကအမည်ရှိသော သူကြွယ်သားကို မေးမြန်းတော်မူလတ္တံ့သော စကားတော်အတိုင်း မိန့်မြွက်တော်မူ၏။ သူကြွယ်သား သိင်္ဂါလက သင်လုလင်သည် အဘယ်ကိစ္စရှိ၍ နံနက်စောစောကထပြီးလျှင် ရာဇဂြိုဟ်ပြည်မှ ထွက်လာခဲ့၍ စိုစွတ်သော အဝတ်ပုဆိုး၊ စိုစွတ်သော ဆံပင်နှင့်တကွ လက်အုပ်ချီလျက် အရှေ့၊ တောင်၊ အနောက်၊ မြောက်၊ အောက်၊ အထက်အရပ်ခြောက်

mgyoe.com

mgyoe.com


မျက်နှာတို့ကို ရှိခိုးဘိသနည်းဟု မိန့်မြွက်တော်မူ၏။ (ဓတဒဝေါစ)ဟူသော ပါဠိတော်၏အဓိပ္ပာယ်ကား ထိုသိင်္ဂါလကမည်သော သူကြွယ်သားသည် မနီးမဝေးမြင်လောက်၊ ကြားလောက်သောနေရာ၌ ရပ်တန့်တည်ရှိသော်လည်း မြတ်စွာဘုရားကိုမမြင်၊ မကြည့်၊ ထိုအခိုက်အတန့်၌ သိင်္ဂါလကမည်သော ထိုသူကြွယ်သားကို မြတ်စွာဘုရားသည် နေရောင်ခြည်တွေ့သဖြင့် ပွင့်ခြင်းသို့ရောက်သော ကြီးစွာသော ပဒုမ္မာကြာကဲ့သို့ ခံတွင်းနှုတ်တော်ကိုဖွင့်၍ (ကိံနုတွံဂဟပတိပုတ္တ)စသော စကားတော်ကို ကိုယ်တော်တိုင် စတင်မိန့်မြွက်တော်မူရ၏။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား အကျွန်ုပ်၏အဘသည် စုတေနီးလတ်သော် အမောင်ချစ်သား အရပ်မျက်နှာတို့ကို ရှိခိုးလေလော့။ ဤသို့ လျှောက်ထားသည့်အတိုင်း မှာထားခဲ့ပါ၏ ဘုရားဟု မြတ်စွာဘုရားအား နားတော်လျှောက်၏။ အရှင်ဘုရား အကျွန်ုပ်သည် အဘပြောကြား မှာထားခဲ့သော စကားကို ရိုသေလေးမြတ်စွာ လိုက်နာလိုသည်ဖြစ်၍ နံနက်စောစောကလျှင် အိပ်ရာမှထလတ်၍ ရာဇဂြိုဟ်ပြည်တွင်းမှ ထွက်ခွာ၍ စိုစွတ်သော အဝတ်ပုဆိုး ဆံပင်နှင့်တကွ လက်အုပ်ချီလျက် အရှေ့အရပ်အစရှိသော အထူးထူးအပြားပြား များစွာသော အရပ်ခြောက်မျက်နှာတို့ကို ရှိခိုးပါ၏ဘုရားဟု နားတော်လျှောက်လတ်သည်ရှိသော် သိင်္ဂါလကလုလင်၊ အရိယာဖြစ်သော ငါဘုရား၏ဆုံးမရာ ဆုံးမ ကြောင်းဖြစ်သော လူတို့ဝိနည်းတရားတော်၌ ဤသို့ သင်လျှောက်ထားသည့်အတိုင်း ပကတိလူတို့ခေါ်ဝေါ်အပ်သော အရပ်မျက်နှာတို့ကို ရှိမခိုးအပ်၊ ရှိမခိုးသင့်၊ ရှိမခိုးထိုက်၊ ရှိမခိုးရကုန်ဟု ဟောကြားတော်မူ၏။ မြတ်စွာဘုရား အဘယ်သို့ပြုလုပ်မှသာလျှင် အရိယာဖြစ်သော ရှင်တော်ဘုရား၏ဩဝါဒဖြစ်သော ဝိနည်းတရားတော်၌ ခြောက်ပါးသော အရပ်မျက်နှာတို့ကို ရှိခိုးအပ်ပါသနည်း။ ဤအရာ၌ မြတ်စွာဘုရား အဘယ်သို့

mgyoe.com

mgyoe.com


ပြုလုပ်မှသာလျှင်ဟု အဓိပ္ပာယ်ရှိသော (ယထာ ကထံပန ဘန္တေ) ဟူသော မာဂဓဘာသာပုဒ်ဖြင့် လျှောက်ကြားသော သိင်္ဂါလကလုလင်သည် မြတ်စွာဘုရား၏ (န ခေါ ဂဟပတိပုတ္တ အရိယဿ ဝိနယေ ဧဝံ ဆဒိသာနမဿတဗ္ဗာ) ဟူသော ထိုစကားတော်ကို ကြားနာရ၍သာလျှင် စိတ်အကြံဖြစ်သတတ်။ အဘယ်သို့ဖြစ်သနည်းဟုဆိုသော် ငါ၏အဘ သည် (ဆဒိသာနမဿတဗ္ဗာ) ဟူ၍ အကြင် အရပ်မျက်နှာတို့ကို မှာကြား ခဲ့ကုန်၏။ ထိုငါရှိခိုးအပ်သော အရပ်တို့သည် အဘပြောကြားမှာထားခဲ့ သော အရပ်တို့သည် စင်စစ်မဖြစ်ကုန် သတတ်။ အရိယာသာဝကသည် ရှိခိုးအပ်ကုန်သော တစ်ပါးကုန်သော အရပ်ခြောက်မျက်နှာတို့သည် လောက၌ ထင်ရှားစွာရှိသတတ်။ ယခု ဘုရားနှင့် တွေ့ကြုံသောအခါ ငါသည်ကား အရိယာသာဝကသည် ရှိခိုးအပ်ကုန်သော အရပ်မျက်နှာ တို့ကိုသာလျှင် မေးမြန်းလျှောက်ထား၍ ရှိခိုးခြင်းပြုအံ့ဟု စိတ်အကြံဖြစ် ၍ အရိယာသာဝကသည် ရှိခိုးအပ်သော အရပ်မျက်နှာတို့ကို မေးမြန်း လျှောက်ထားခြင်းအလို့ငှာ ယခင်ပြဆိုအပ်ပြီးသော (ယထာကထံ ပနဘန္တေ) အစရှိသော စကားဖြင့်လျှောက်ထား၏။ ယထာ၊ ဟူသောပုဒ် သည် နိပါတ်ပုဒ်ဖြစ်၍။ ကထံပန၊ ဟူသော ပုဒ်သည်သာ။ ပုစ္ဆာကို ပြသောပုဒ်တည်း။ ထို့ကြောင့် (အမေးငါးထွေ၊ အဖြေလေးပါး၊ ရှိသည် များ၊ ပိုင်းခြားသိအပ်၊ သတိချပ်) ဟု နိယံသံ ပေါက်ဆရာတို့ စပ်ဆိုကြ ကုန်၏။

မြတ်စွာဘုရား တောင်းပန်လျှောက်ထားပါ၏။ ဘုန်းတော်ကြီး သော မြတ်စွာဘုရားသည် အကြင်သို့သော အခြင်းအရာအားဖြင့် အရိယာ ဖြစ်သော ရှင်တော်ဘုရား၏ ဩဝါဒတည်းဟူသော ဝိနည်းတရားတော်၌ ခြောက်ပါးသောအရပ်မျက်နှာတို့ကို ရှိခိုးအပ်ကုန်၏။ ထိုခြောက်ပါးသော အခြင်းအရာအားဖြင့် အကျွန်ုပ်အား တရားတော်မြတ်ကို ဟောကြားတော်

mgyoe.com

mgyoe.com


မူပါဟု နားတော်လျှောက်၏။ သိင်္ဂါလကလုလင် သင်သည် တောင်းပန်ရကား နားစေ့စေ့နာ ကောင်းမွန်တည်တံ့စွာ စိတ်နှလုံးသွင်းခြင်းကို ပြုလော့။ ငါဘုရားဟောအံ့ဟု မိန့်တော်မူလတ်သော် အရှင်ဘုရား ကောင်းပါပြီဟု လျှောက်ကြား၍ မြတ်စွာဘုရား၏စကားတော်ကို လိုက်နာမှတ်သား စိတ်နှလုံး၌ထားလေ၏။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သိင်္ဂါလောဝါဒသုတ္တန်ဓမ္မ၊ ဝိနယဒေသနာတော်ကို မိန့်မြွက်တော်မူ၏။ သူကြွယ်သားသိင်္ဂါလက အကြင်ကြောင့်လျှင် အရိယာတို့၏ အဆုံးအမဩဝါဒကို နာခံလေ့ရှိသောသူအား လေးပါးကုန်သော ကံတို့ဖြင့် သတ္တဝါတို့သည် ပင်ပန်းကုန်၏။ တစ်နည်းအားဖြင့် ထိုလေးပါးကုန်သော ကံတို့သည် သတ္တဝါတို့ကို ပင်ပန်းစေအပ်၊ ပူပန်စေအပ်၊ နှိပ်စက်အပ်၊ ညစ်ညူးစေအပ်ကုန်၏။ ထိုအကြောင်းတို့ကြောင့် ကမ္မကိလေသာမည်သော ကြမ်းတမ်းသောတရားတို့ကို ပယ်အပ်ကုန်၏။ လေးပါးကုန်သော အကြောင်းတို့ဖြင့် ပါပကမ္မအမည်ရသော ယုတ်မာသော တရားတို့ကို မပြုအပ်။ စည်းစိမ်ချမ်းသာ ပျက်စီးခြင်း၏အကြောင်း ခြောက်ပါးတို့ကိုလည်း မမှီဝဲအပ်၊ မပြုအပ်။ ထိုအရိယာတို့ အဆုံးအမဩဝါဒကို နာခံလေ့ရှိသောသူသည် ဤဆိုအပ်ခဲ့ပြီးသောနည်းအတိုင်း တစ်ဆယ့်လေးပါးသော ယုတ်မာညစ်ကျူ၊ မကောင်းမှုတို့ကို မပြုမကျင့်၊ မလိုက်စား သည်ဖြစ်၍ ခြောက်ပါးသောအရပ်မျက်နှာတို့ကို ဖုံးလွှမ်းကာကွယ်သောအားဖြင့် ဝတ်ကြီးဝတ်ငယ်ကို ပြုသည်ဖြစ်၍ ပစ္စုပ္ပန်လောက တမလွန်လောကနှစ်ပါးကို အောင်မြင်ထမြောက်ခြင်းအကျိုးငှာ ကျင့်ကြံအားထုတ်အပ်၏။

ဤသဘောအတိုင်း ကျင့်ကြံအားထုတ်သော သောတာပန်ပုဂ္ဂိုလ်အား ယခုလောကပစ္စက္ခခန္ဓာကိုယ်၌ ငါးပါးသောရန်သူတို့ မရှိကုန်။ ထိုအကြောင်းကြောင့် သောတာပန်ပုဂ္ဂိုလ်သည် ယခုလောက ပစ္စက္ခခန္ဓာ

mgyoe.com

mgyoe.com


ကိုယ်ကိုလည်း တစ်ဆယ့်လေးပါးသောတရား၊ ဘမိဝတ္တရား စသည်တို့ဖြင့် အားထုတ်အပ်ပြီးစေအပ်သည် ဖြစ်၏။ သူတစ်ပါးစိတ်ကို ကောင်းသောအရာဖြင့် နှစ်သက်စေအပ်ခြင်းသည် လည်းကောင်း၊ ပြီးစေအပ်ခြင်းသည်လည်းကောင်း ဖြစ်၏။ ပြီးစေအပ်ခြင်းဟူသည်လည်း ကျော်စောသတင်း ပျံ့နှံ့ခြင်းအသံဖြင့် ပစ္စုပ္ပန်ဘဝ၊ ယခုလောက ခန္ဓာပဉ္စကဒြပ်၌ သတ္တဝါတို့၏စိတ်ကို နှစ်သက်စေခြင်းသည်လည်းကောင်း ရန်မရှိသည်၏အဖြစ်သို့ ရောက်စေခြင်းသည်လည်းကောင်းတည်းဟု ဆိုလို၏။ တမလွန်လောက၊ သံသရာဘဝ၌လည်း ငါးပါးသောရန်သူတို့၏ အကျိုးအပြစ်တို့သည် မရှိကုန်။ ထို့ကြောင့် သောတာပန်ပုဂ္ဂိုလ်သည် တမလွန်လောက သံသရာဘဝကို ကောင်းကျိုးဖြင့် ပြီးစေအပ်သည်မည်၏။ ဤအကြောင်းကြောင့် သောတာပန်ပုဂ္ဂိုလ်သည် ဥပါဒိန္နက ကိုယ်ခန္ဓာ၏ ပျက်ခြင်း၊ ကုန်ဆုံးခြင်းကြောင့် သေသည်။ စုတိစိတ်ကျသည်မှ နောက်ဘဝကာလအထူး၌ ကောင်းမှုရှိသောသူတို့၏ လားရာဘဝ၊ နတ်ပြည်ဌာန၌ ဖြစ်ပွားလေ၏။ အရိယာသာဝကဖြစ်သော ကလျာဏပုထုဇဉ်နှင့် သောတာပန်သည် ဤအရာ၌ အလားတူ၏။ ဤသို့ မြတ်စွာဘုရားသည် အကျဉ်းအားဖြင့် မာတိကာအစဉ်ကို ဟောကြားပြီး၍ ယခုအခါ၌ ထိုမာတိကာအစဉ်ကိုပင်လျှင် အကျယ်တဝင့် ချဲ့ထွင်ဟောပြလို၍ ဟောပြလိုသော မြတ်စွာဘုရားသည် (ကတမေသသစတ္တာရောကမ္မကိလေသာ) စသော သဒ္ဒပဗန္ဓအစဉ်ကို မိန့်မြွက်တော်မူ၏။ ထိုဆိုအပ်ခဲ့ပြီးသော ကလျာဏပုထုဇဉ်၊ သောတာပန်ပုဂ္ဂိုလ်တို့အား လေးပါးကုန်သော ကမ္မကိလေသာတို့ကြောင့် သတ္တဝါတို့၏ ပင်ပန်းဆင်းရဲသော ကိလေသာတို့ကို အဘယ်သို့ ပယ်အပ်ကုန်သနည်းဟု ကထေတုကမျတာအားဖြင့် ဖြေဆိုလို၍ မေးလတ်သည်ရှိသော် သူကြွယ်သား သိင်္ဂါလက သတ္တဝါဇီဝိတိန္ဒြေကို သတ်ခြင်းအစဉ်ကို ဖြတ်ခြင်းသည်လည်းကောင်း။ ဥစ္စာရှင်၊

mgyoe.com

mgyoe.com


ပိုင်နက်ရှင်တို့သည် ကိုယ်နှုတ်ဖြင့် မပေးသော သူတစ်ထူး သိမ်းဆည်းထားသော ပစ္စည်းဥစ္စာကို နှစ်ဆယ့်ငါးပါးသော ခိုးယူဝှက်ကဲ့ခြင်းတို့တွင် တစ်ပါးပါးဖြင့် ခိုးယူဝှက်ကဲ့ခြင်းသည်လည်းကောင်း။ နှစ်ကျိပ်တစ်ယောက်သော အဂမနိယအာရုံ၊ မေထုန်အကျင့်ယုတ်တို့၌ လွန်ကျူးကျော်နင်း၍ အတင်းအဓမ္မပြုကျင့်ခြင်းသည်လည်းကောင်း။ ချို့ယွင်းဖောက်ပြန်၊ မမှန်သတင်းပြောဆိုခြင်းသည်လည်းကောင်း။ ကမ္မကိလေသာမည်ခြင်းကြောင့် ဤလေးပါးကုန်သော ကိလေသာတို့ကို အရိယာသာဝကသည် ပဟာတဗ္ဗဖြစ်၍ ပယ်အပ်ကုန်၏။ (ထို့ကြောင့် ဗုဒ္ဓဘာသာအရိယာနွယ်ဝင် သူတော်စင်တို့သည် တိုက်ရိုက် ဟောတော်မူအပ်သော ကမ္မကိလေသာလေးပါး ကြွင်းကျန်သော ကမ္မကိလေသာ သုံးပါး၊ လေးပါးတို့ကိုလည်း ပဟာတဗ္ဗဖြစ်၍ ပယ်ကြရမည်။ ထိုစုဏ္ဏိယစကား၊ မာဂဓအစဉ်များကို ဘုန်းတော်ခြောက်စုံ၊ ဂုဏ်တော်အနန္တ၊ ပြည့်စုံလှသား၊ မြတ်ဘုရားသည် ဟောကြားပြီးပြီ။ ဤသို့မည်ငြား၊ မိန့်မှာထားသည့်၊ စကားဝါကျ၊ စုဏ္ဏိယကို၊ သုဂတခေါ် မြတ်ဘုန်းမော်သည် ဟောတော်တစ်တန်၊ အပရံနောက်၊ ဇော်ရောက်သား၊ ဂါထာများဖြင့်၊ ဘုရားမြတ်စွာတို့ဆရာသည် ဟောခါညွှန်ပြဂါထာတည်း။

## (ကမ္မကိလေသာတို့ကို ဂါထာနှင့်ဟောပုံ)

(၁) ပါဏာတိပါတံ၊ အဒိန္နာဒါနံ မုသာဝါဒေါစဝုစ္စတိ၊ ပရဒါရဂမနဉ္စေဝ၊ နပ္ပသံသန္တိပဏ္ဍိတာတိ။ ။ ဂဟပတိပုတ္တ သူကြွယ်သားသိင်္ဂါလက ပါဏာတိပါတဉ္စ၊ သတ္တဝါဖိဝိတိန္ဒြေကို သတ်ခြင်း။ ဣရိယာပုတ်အစဉ်ကို ဖြတ်ခြင်းကိုလည်းကောင်း။ အဒိန္နာဒါနဉ္စ၊ ဥစ္စာရှင်၊ ပိုင်နက်ရှင်သည် ကိုယ်နှုတ်နှစ်ပါးတို့တွင် တစ်ပါးပါးဖြင့် မပေးသော သူတစ်ပါးသိမ်းဆည်းထားသော ရွှေငွေရတနာကို နှစ်ဆယ့်ငါးပါးသော

mgyoe.com

mgyoe.com


ခိုးခြင်းတို့တွင် တစ်ပါးပါးဖြင့် ခိုးယူခြင်းကိုလည်းကောင်း။ မုသာဝါဒေါစ၊ မဟုတ်မတရား ဝါကြွားလုည့်စား၍ အမှားကိုအမှန်ပြောဆိုခြင်းကိုလည်းကောင်း။ ပရဒါရဂမနဥ္စဝ၊ သူတစ်ပါးမယားကို ကျူးလွန်စော်ကားခြင်းကိုလည်းကောင်း။ ကမ္မကိလေသာတိ။ (ထည့်ပါ)။ ကမ္မကိလေသာဟူ၍ တထာဂတေန၊ (ကတ္တားထည့်ပါ) သင်တို့ဆရာငါဘုရားသည် ဝုစ္စတိ၊ ဟောတော်မူအပ်၏။ တံ ကမ္မကိလေသသမ်ဂီ (ထည့်ပါ) ထိုကံ ကိလေသာနှင့် ခြံရံယှဉ်တွဲသောသူကို ပဏ္ဍိတာ၊ အရိယာနွယ်ဝင် သူတော်စင်တို့သည် နပ္ပသံသန္တိ၊ မချီးမွမ်းကုန်။ ဣတိ၊ ဤသို့။ အဝေါစ (ထည့်ပါ) ဂါထာစကားဖြင့် ဟောကြားတော်မူပြန်၏။ ပါဏာတိပါတံ အဒိန္နာ ဒါနံ၊ ပရဒါရဂမနဥ္စဝဋ္ဌ ပရဒါရဂမနံစ+ဧဝဟုပုဒ်ဖြတ်၍ ၎င်းသုံးပုဒ်လုံးတို့ဖြင့် ကာယဒုစရိုက်သုံးပါးကို တိုက်ရိုက်မုချပြသည်။ စသဒ္ဒါ၊ ဧဝ သဒ္ဒါတို့ဖြင့် ကျန်နှစ်ကျိပ်သော အဂမနီယဝတ္ထုကို ပြသည်။ မုသာဝါဒေါစဟူသောပုဒ်၌ မုသာဝါဒသဒ္ဒါဖြင့် မုသားဆိုခြင်းကို တိုက်ရိုက်မုချပြသည်။ စသဒ္ဒါဖြင့်ကား ကြွင်းကျန်သော ဝစီကံသုံးပါးကို ငင်၍ပြသည်ဟုဆိုအပ်၏။ ထို့ကြောင့် ကိုယ့်ချည်းမပျော်၊ သူ့ကိုခေါ်၊ မိန့်သော်သမုစ္စည်းဟု နိယံသံပေါက်ဆရာတို့ မိန့်ဆိုအပ်ကုန်၏။ သို့ဖြစ်၍ တစ်ဂါထာလုံးဖြင့် ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါးကို ညွှန်ပြသည်မည်သောကြောင့် အာဇီဝဋ္ဌမက သီလစသည်ကို စောင့်ရှောက်ရမည်ဟု ပြလိုရင်းဖြစ်သည်။

## (သိင်္ဂါလကသတို့သားအား အဂတိတရားလေးပါးကို ဟောကြားပုံ)

လေးပါးကုန်သော အကြောင်းတို့ဖြင့် ယုတ်မာကြမ်းတမ်းသော မကောင်းမှု အကုသိုလ်ကံကို အဘယ်သို့မပြုအပ်သနည်း။ အန္ဓပုထုဇဉ်သည် အာသာဆန္ဒ ပေမတဏှာ မကင်းပါသောကြောင့် စိတ်ရောက်

mgyoe.com

mgyoe.com


ကိုယ်ပါ ပြုလိုရာကိုသာပြုတတ်သော စိတ်သဘောရှိ၍ မပြုအပ်သော အမှုကိုပြုမိတတ်၏။ သို့ဖြစ်၍ အကြင်တစ်စုံတစ်ယောက်သော ယောကျ်ားမိန်းမတို့၏ စိတ်သဘောသည် အချင်းချင်းဆောင်ရွက်ရန် ကိစ္စရှိခဲ့လျှင် ဤလူသည် ငါနှင့် သူလိုငါရ မြဲမြဲလှ၍ ချစ်ခင်ကြသော အဆွေခင်ပွန်း ဟူ၍လည်းကောင်း။ အတူတကွ နေထိုင်စားသောက်ကြသော သူငယ်ချင်းဟူ၍လည်းကောင်း။ မြင်ဖူးခါမျှ တွေ့ကြိမ်ကြသော တစ်ရွာ တစ်မြို့တည်းနေ မိတ်ဆွေတို့ဟူ၍လည်းကောင်း။ အဆွေအမျိုး၊ အဘိုးအဘွား တော်စပ်သောသူများဟူ၍လည်းကောင်း။ လက်ဆောင်တံစိုး အမျိုးမျိုး ပေးကမ်းတတ်သောသူဟူ၍ လည်းကောင်း။ ချစ်မြတ်နိုးသောအားဖြင့် ဥစ္စာရှင်မဟုတ်သောသူကို ဥစ္စာရှင်ပြုလုပ်တတ်၏။ ဤသူသည် ချစ်ခြင်းတဏှာမကင်းပါသောကြောင့် ကျော့ကွင်းအလားအကုသိုလ်တရားကို ပြုမှားလေ၏။ ဤသို့ပြုခြင်းသည် ဆန္ဒာဂတိသို့ လိုက်မှားသည်မည်၏။ **တစ်ပါး။**

တစ်စုံတစ်ယောက်သော ယောကျ်ားမိန်းမတို့တွင် အကြင်သူသည် ဤသူသည်ကား ငါ၏ရန်သူတည်းဟူ၍လည်းကောင်း။ ရှေးအခါကာလ ငယ်ရွယ်စဉ်သမယကပင်လျှင် ကျိန်ဆဲခဲ့သော အတွင်းရန်ငြိုးတည်းဟူသော ပကတိ ဝေရ၏အစွမ်းအားဖြင့် လည်းကောင်း။ မြင်လျှင်မြင်ချင်း မေတ္တာကင်း၍ အပြောအဆိုမရှင်းသော တခ်ဏာပွန္နကောခ၏အစွမ်းအားဖြင့်လည်းကောင်း။ ပိုင်ရှင်ပိုင်စားဖြစ်ထိုက်သော ဥစ္စာရတနာရှင်ကို ဥစ္စာရှင်မဟုတ်ဟု ပြောဆိုတတ်၏။ ဤသူသည် အမျက်ဒေါသ၊ စိတ်ထန်ကြွသောကြောင့် မပြုအပ်သောအရာကို ပြုမှား၏။ ဤသို့ပြုခြင်းသည် ဒေါသာဂတိသို့ လိုက်မှားသည်မည်၏။ **တစ်ပါး၊ ပေါင်းနှစ်ပါး။**

အကြင်သူသည်ကား ပညာနုနဲ့နှေး အမြင်သေးသည်၏အဖြစ်

mgyoe.com

mgyoe.com


ကြောင့်လည်းကောင်း။ တွေဝေမိန်းမော၊ မောဟာဇော အလွန် မြောက်မြား သည်၏ အဖြစ်ကြောင့်လည်းကောင်း ဟုတ်ဟုတ်ငြားငြား အထင်မှား သဖြင့် စိတ်ရှိတိုင်းပြောကြား၍ ဥစ္စာရှင်မဟုတ်ထိုက်သောသူကို ဥစ္စာ ရှင်ဟု ပြုလုပ်ပြောဆို၏။ ဤသူသည် မောဟမှောက်မှား၊ စိတ်လှည့်စား သောကြောင့် မတရားသောအမှုကို အပြုမှား၏။ ဤသို့ပြုခြင်းသည် မောဟဂတိသို့ လိုက်မှားသည်မည်၏။ **တစ်ပါး၊ ပေါင်းသုံးပါး။**

အကြင်သူသည်ကား မင်းစေလုလင်၊ မင်းနှင့် အကျွမ်းဝင်သော သူတည်းဟူ၍ လည်းကောင်း။ မညီမညွတ် စိတ်နှလုံးသွင်းမကောင်း သော အစိုးရမင်း ခိုးသူ စသောသူ အသက်မွေးမလုံလောက်သောသူ တစ်နည်းအားဖြင့် မညီမျှသော ကာယဒုစရိုက် စသည်ကို ပြုလုပ်တတ် သော အစိုးရမင်း ကုန်းတိုက်တတ်သောသူဟူ၍လည်းကောင်း။ နှလုံး ပိုက်ထား၍ ငါ၏ အကျိုးမဲ့ပျက်စီးရာသော အကြောင်းကိုလည်း ပြုလုပ် ရာ၏ ဟူ၍လည်းကောင်း။ ကြောက်ရွံ့ထိတ်လန့်၊ နှလုံးမသန့်သည် ဖြစ်၍ ဥစ္စာရှင်မဟုတ်သော သူယုတ်မာကို ဥစ္စာရှင်ဟု ပြုလုပ်တတ်၏။ ဤသို့ ကြောက်ရွံ့ထိတ်လန့်ခြင်း မကင်းသောကြောင့် မပြုသင့်သော တရားကို ပြုမှား၏။ ဤသို့ပြုခြင်းသည် ဘယာဂတိသို့ လိုက်မှားသည် မည်၏။ **တစ်ပါး၊ ပေါင်းအဂတိတရားလေးပါး။**

အရိယာ၏တပည့်သည်ကား အသက်၏ ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ငြားသော်လည်း ဆန္ဒာဂတိအစရှိသော လေးပါးသော အရာဋ္ဌာန တို့သို့ မလိုက်စား၊ မပြုလုပ်။ ထိုအကြောင်းလေးပါးတို့တွင် တစ်ခုခု ကိုမျှ မပြုခြင်းကြောင့် (ဣမေဟိ စတူဟိဋ္ဌာနေဟိ ပါပကမ္မံ နကရောတိ) ဟူသော ဝါကျစကားစဉ်ကို ပါဠိတော်၌ ဟောကြားတော်မူအပ်၏။ ထို စုဏ္ဏိယစကား၊ မဂ္ဂအစဉ်များကို ဘုန်းတော်ခြောက်စုံ၊ ဂုဏ်တော်အနန္တ (လ)ဟောကာ ညွှန်ပြဂါထာတည်း။

mgyoe.com

mgyoe.com


(၂) ဆန္ဒာဒေါသာ ဘယာမောဟာ။ ယောဓမ္မံအတိ ဝတ္တတိ။ နိဟီယတိယသောတဿ။ ကာဠပက္ခေဝစန္ဒိမာ။ ။ ဂဟပတိပုတ္တ၊ သူကြွယ်သားသိင်္ဂါလက။ ယောဇနော၊ အကြင်လူသည်။ ဆန္ဒာဆန္ဒေန စ၊ စိတ်အလိုဆန္ဒ ရှိသမျှနှင့်တကွ ချစ်မြတ်နိုးခြင်းအားဖြင့်လည်းကောင်း။ ဒေါသာဒေါသေနစ၊ ပကတိဝေရ၊ အမျက်ဒေါသ၊ တဏ်ဏာပွန္နကောစ အားဖြင့်လည်းကောင်း၊ ဘယာဘယေနစ၊ စိုးရိမ်မကင်း။ ကြောက်ရွံ့ခြင်း အားဖြင့်လည်းကောင်း။ မောဟာမောဟေနစ၊ မိုက်သောအားဖြင့် လည်း ကောင်း။ ဓမ္မံ၊ မလိုက်စားအပ်သောတရားကို။ အတိဝတ္တတိ။ လွန်ကျူး၍ ကျင့်၏။ တဿ အဂတိဂါမိနော။ ထိုအဂတိလေးပါးသို့ လိုက်မှားသော ပုဂ္ဂိုလ်အား။ ယသော၊ ကိတ္တိယသတည်းဟူသော တန်ခိုး သတင်းကျော် စောခြင်း။ ပရိဝါရယသတည်းဟူသော အခြံအရံသည်။ ကာဠပက္ခေ၊ လကွယ်ပက္ခ၌။ စန္ဒိမာ၊ လမင်းသည်။ နိဟီယတိဣဝ၊ တစ်နေ့တခြား၊ ကွဲပြားဆုတ်ယုတ်သကဲ့သို့။ တထာ၊ ထိုနည်းမသွေ၊ အခြေမလှ၊ တစ်စစ အားဖြင့်။ နိဟီယတိ၊ တရွေ့ရွေ့နှင့်၊ တစ်နေ့တခြား၊ ပါးရှားဆုတ်ယုတ်ရ လေ၏။

(၃) ဆန္ဒာဒေါသာဘယာမောဟာ၊ ယော ဓမ္မံနာတိ ဝတ္တိတိ။ အာပူရတိယသောတဿ၊ ဇုဏှပက္ခေဝစန္ဒိမာတိ။ ။ ဂဟပတိ ပုတ္တ၊ သူကြွယ်သား သိင်္ဂါလက။ ယောဇနော၊ အကြင်လူသည်။ ဆန္ဒာ ဆန္ဒေ နပေမေန၊ ချစ်မြတ်နိုးခြင်းအားဖြင့်လည်းကောင်း။ ဒေါသာဒေါသေန၊ ရှေးအခါဦး ရန်တွေ့ဖူးသော၊ ပကတိဝေရ၊ မြင်လျှင်မြင်ချင်း ရန်စခင်း သော၊ တဏ်ဏာပွန္နကောအားဖြင့်လည်းကောင်း။ ဘယာဘယေန၊ ခွန်အားမမျှ၊ ကြောက်ရွံ့ရ၍၊ မလှမျက်နှာ၊ စိတ်မသာသောကြောင့်လည်း ကောင်း။ မောဟာမောဟေန။ နုန့်နှေးသောပညာ၊ မန္ဒတ္တာနှင့်။ မောမူ ဟတ္တာ။ လွန်စွာတွေဝေ။ ကြောင်းနှစ်ထွေကြောင့် လည်းကောင်း။ ဓမ္မံ၊

mgyoe.com

mgyoe.com



အဂတိလေးပါး၊ မလိုက်စားအပ်သော တရားကို။ နာတိဝတ္တတိ၊ (န အတိဝတ္တတိ)လွန်ကျူး၍မကျင့်။ တဿ ဇနဿ၊ ထိုလူ၏။ ယသော၊ ကိတ္တိယသ ပရိဝါရယသတည်း ဟူသော နှစ်ပါးသောယသသည်။ ဇုဏှပက္ခေ၊ လဆန်းပက္ခ၌။ စန္ဒိမာ၊ လဝန်းသည်။ အာပူရတိက္ကဝ၊ တစ်နေ့တခြား ထင်ရှားပြည့်ဝသကဲ့သို့။ တထာ၊ ထိုနည်းအလား မခြား အကူ။ အာပူရတိ၊ ပြည့်ဝထွန်းလင်းလေ၏။

ထိုအဂတိလေးပါး မလိုက်စားအပ်သောအရာသို့ လိုက်မှားသော ပုဂ္ဂိုလ်အား ကိတ္တိယသဟုဆိုအပ်သော တန်ခိုးသတင်း ကျော်စောခြင်း သည်လည်းကောင်း။ ပရိဝါရယသဟု ဆိုအပ်သော အခြံအရံသည် လည်းကောင်း။ လကွယ်ပက္ခ၊ အထွက်တစ်ရက်မှသည် လကွယ်နေ့ တိုင်အောင်သော ကာလအတွင်း၌ လဝန်း၏အရောင်အလင်း တောက် ပခြင်းသည် တစ်နေ့တခြား ဆုတ်ယုတ်သွားသကဲ့သို့ ထိုနည်းတူစွာ နှစ်ပါးသော ယသသတင်းပျံ့နှံ့ခြင်းတို့သည် အရပ်ထက်ဝန်းကျင်၌ ပျံ့နှံ့ ဆုတ်ယုတ်လေ၏။ ထိုအဂတိ တရားလေးပါးသို့ မလိုက်စားသော ပုဂ္ဂိုလ်အား နှစ်ပါးသောယသတို့သည် ထိုမှပြန်သောအားဖြင့် လဆန်း ပက္ခ၊ ဆန်းတစ်ရက်မှသည် လပြည့်နေ့တိုင်အောင်သော ကာလအတွင်း ၌ လဝန်း၏အရောင်အလင်း တောက်ပထွန်းလင်းခြင်းသည် တစ်နေ့ တခြား နှလုံးကိုပွားစေသကဲ့သို့ ထိုနည်းမခြား နှစ်ပါးသော ယသတရား တို့သည် တိုးတက်ပွားများလေ၏။ ဂါထာနှစ်ရပ်အပြီးသတ်၏။ ပေါင်း ၃ ဂါထာ။

## (စည်းစိမ်ဥစ္စာ မင်္ဂလာကျက်သရေတို့၏ ပျက်စီးခြင်းကိုပြဆိုပုံ)

ခြောက်ပါးကုန်သော စည်းစိမ်ဥစ္စာတို့၏ ပျက်စီးခြင်းအကြောင်း တို့ကို အဘယ်သို့မမှိုဲအပ်ပါသနည်း။ ။ သုရာငါးပါး။ မေရယ ငါးပါး

mgyoe.com

mgyoe.com


ဟုဆိုအပ်သော။ သူတော်ကောင်းတရား၌ လွန်စွာယစ်မူးမေ့လျော့စေတတ်သော။ သေအရက်သောက်စားခြင်း၌ အဖန်ဖန်အားထုတ်ခြင်းသည်။ လက်ရှိရတနာ စည်းစိမ်ဥစ္စာတို့၏ နည်းပါးဆုတ်ယုတ်ပျက်စီးခြင်း၏အကြောင်း။ **တစ်ပါး။**

## (သေ–အရက်ဖြစ်ခြင်းကို အကျဉ်းမျှပြဆိုပုံ။)

(ဤအရာ၌။ သုရာငါးပါးဟူသည်ကား။ မုန့်နှင့်ပြုထားသောသေ။ မုန့်ညက်နှင့်ပြုလုပ်ထားသောသေ၊ ထမင်းနှင့်ပြုထားသောသေ၊ တဆေးထည့်၍ ပြုထားသောသေ။ တစ်နည်းအားဖြင့် မျိုးစေ့ထည့်၍ပြုထားသောသေ။ သျှစ်သျှား။ သဖန်းခါးစသော အဆောက်အဦနှင့်ယှဉ်သောသေ။ ဤသို့အားဖြင့် ငါးပါးတို့သည် ဖြစ်ကုန်၏။ ။ မေရယဟူသည်ကား။ ကြာမြင့်စွာထုံအပ်။ စိမ်အပ်သော။ သစ်မည်စည်။ ထန်းအုန်းစသည်တို့၏ အပွင့်ရည်ဟုဆိုအပ်သော အရက်။ ကြာမြင့်စွာထုံအပ်။ စိမ်အပ်သော။ ပိန္နဲ စသည်တို့၏ အသီးရည်ဟုဆိုအပ်သောအရက်။ ကြာမြင့်စွာထုံအပ်။ စိမ်အပ်သော။ မဓုရက်သီးဟုဆိုအပ်သောအရက်၊ ကြာမြင့်စွာ ထုံအပ်။ စိမ်အပ်သော။ တင်လဲရည်ဟုဆိုအပ်သောအရက်၊ ကြာမြင့်စွာ ထုံအပ်၊ စိမ်အပ်သော၊ သျှစ်သျှား။ ဖန်းခါး။ ငရုတ်၊ ပိတ်ချင်း။ ချင်း စသည်တို့၏ အရည်ဟုဆိုအပ်သော အဆောက်အဦနှင့်ယှဉ်သော။ အရက်။ ဤသို့အားဖြင့် ငါးပါးတို့သည် ဖြစ်ကုန်၏။

ထိုအလုံးစုံသော သုရာငါးပါး၊ မေရယငါးပါးတို့တွင် တစ်ပါးပါးသည် ယစ်ခြင်းမူးခြင်း၊ နှောင့်ယှက်ခြင်းကို ပြုတတ်သည်၏အစွမ်းအားဖြင့် မဇ္ဇမည်၏။ ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်း၏အကြောင်းဖြစ်သောကြောင့် ပမာဒဋ္ဌာနမည်၏။ ဤပမာဒဋ္ဌာနဟူသော အမည်သည် ရုန့်ရင်းကြမ်းတမ်းသော စေတနာဖြင့် စေ့ဆော်တိုက်တွန်းနှိုးဆော်

mgyoe.com

mgyoe.com



၍ ထိုယစ်စေတတ်သော သုရာငါးပါး၊ မေရယငါးပါးကို သောက်မျို၏။ ထိုစေတနာ၏အမည်သည် မဇ္ဇမည်ပြန်၏။ ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော၊ သုရာပါးပါး။ မေရယငါးပါး သောက်မျိုခြင်းများကို အဖန်တလဲလဲယှဉ်ခြင်း၊ အားထုတ်ခြင်း အကြိမ်ကြိမ်ပြုခြင်းတည်း။ ။ သုရာစမေရယဥ္စသုရာမေရယံဟု။ ဒွန်သမာသ်ပြု။ မဒတီတိ မဇ္ဇံဟု၊ ကတ္တုသာဓနပြု။ သုရာမေရယဥ္စတံ မဇ္ဇဉ္စာတိ သုရာမေရယမဇ္ဇံ ဟု။ ကမ္မဓာရည်းပြု။ ။ အနက်ကား။ ။ သုရာစ၊ သေရည်ငါးပါးလည်းကောင်း။ မေရယဥ္စ၊ အရက်ငါးမျိုးလည်းကောင်း။ သုရာမေရယံ၊ သေရည်ငါးပါး။ အရက်ငါးမျိုးတို့။ ။ မဒတိ၊ မူးယစ်စေတတ်၏။ ဣတိတသ္မာ။ ထို့ကြောင့် မဇ္ဇံ၊ မဇ္ဇမည်၏။ ။ သုရာမေရယဥ္စ၊ သေရည်ငါးပါး၊ အရက်ငါးမျိုးသည်လည်း။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုသေရည် ငါးပါး၊ အရက်ငါးမျိုးဟူသည်။ မဇ္ဇဉ္စ၊ ယစ်မူးစေတတ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ ထိုနှစ်ပါးစုံသော သတ္တိကြောင့်။ သုရာမေ ရယမဇ္ဇံ၊ သုရာမေရယမဇ္ဇမည်၏။ ယစ်စေတတ်သော သုရာငါးပါး၊ မေရယငါးပါးကို အပဓာနအားဖြင့်။ ဤအရာ၌ရစေ။ ပမာဒဋ္ဌာနံဟူသော သဒ္ဒန္တရိတ်၊ အရိပ်နိမိတ်ကြောင့် ယစ်စေတတ်သော သုရာငါးပါး၊ မေရယငါးပါးကို သောက်ခြင်း၊ မျိုခြင်းကြောင့် ဖြစ်သော ရုန့်ရင်းကြမ်းတမ်းသော စေတနာဆိုးသည် ပဓာနအားဖြင့် ဤအရာ၌ ရ၏။ ။ သုရာမေရယ၊ မဇ္ဇပမာဒဋ္ဌာနံ။ သုရာမေရယ၊ မဇ္ဇပမာဒဋ္ဌာနံဟု လုတ္တသမာသ်ပြု။ အနက်ကား။ ။ သုရာမေရယမဇ္ဇ၊ ယစ်စေတတ်သော သုရာငါးပါး၊ မေရယငါးပါးကို သောက်မျိုခြင်းဟု ဆိုအပ်သော။ ပမာဒဋ္ဌာနံ၊ ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်း၏ အကြောင်းတည်း။ သုရာမေရယ မဇ္ဇပမာဒ ဋ္ဌာနံ၊ ယစ်စေတတ်သော သုရာငါးပါး၊ မေရယ ငါးပါးကို သောက်မျိုခြင်းဟုဆိုအပ်သော ကုသိုလ်ကောင်းမှု၌ မေ့လျော့

mgyoe.com

mgyoe.com


ခြင်း၏ အကြောင်း။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာန သာအနုယောဂေါ။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ နုယောဂေါ။ ဆဋ္ဌီတပ္ပုရိတ်သမာသ်ပြု။ ။ အနက်ကား။ ။ သုရာမေရယ မဇ္ဇပမာဒ ဋ္ဌာနသာ၊ ကုသိုလ်ကောင်းမှု၌ မေ့လျော့စေတတ် ယစ်စေတတ်သော။ သုရာငါးပါး၊ မေရယငါးပါး၊ သောက်မျိုခြင်းများကို။ အနုယောဂေါ၊ အဖန်ဖန်ယှဉ်ခြင်း ပြုခြင်းတည်း။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ နုယောဂေါ။ ကုသိုလ်ကောင်းမှု၌ မေ့လျော့စေတတ်၊ ယစ်စေတတ်သော သုရာ ငါးပါး၊ မေရယငါးပါးကို သောက်မျိုခြင်းများကို အတန်တန်ယှဉ်ခြင်း။ ပြုခြင်း။ အကျင့်ကြောင့်။ ထိုယစ်စေတတ်သော။ သုရာငါးပါး။ မေရယ ငါးပါးကို သောက်မျိုခြင်း ဟုဆိုအပ်သော ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်း၏ အကြောင်းကို အဖန်တလဲလဲ ယှဉ်သောပုဂ္ဂိုလ်၊ အားထုတ်သော ပုဂ္ဂိုလ်အား လက်၌ သိမ်းဆည်းရထားပြီးဖြစ်သော စည်းစိမ်ရတနာ၊ ဥစ္စာတို့သည်လည်း သေ၊ အရက်၊ ကဖော် စသည်ကို သောက်လို၍ မတရားသုံးစွဲသည်ကစ၍ ဆုတ်ယုတ်ပျက်ပြား နည်းပါးခြင်းသို့ ရောက်ကုန်၏။ ။ မဖြစ်ကုန်သေးသော အပအဝေး၌ တည်ရှိကြကုန်သော စည်းစိမ်ရတနာရဖို့ရာ ဥစ္စာတို့သည်လည်းရမလိုလို မိုးတိမ်ပြိုသကဲ့သို့ ဤမှ ထိုမှပျောက်ပျက်ကြ၏။ ထို့ကြောင့် (ဘောဂါနံအပါယ မုခံ)ဟူသောစကားကို ဟောကြားတော်မူအပ်၏။ အချိန်အခါမဟုတ်သော အကာလညဉ့်အချိန်၌ ခရီးလမ်းမလမ်းလေးခွ စသည်တို့သို့ လှည့်လည်သွားလာခြင်း၌ အဖန်ဖန်ပြုခြင်းသည် လက်ရှိရတနာ စည်းစိမ်ဥစ္စာတို့၏ နည်းပါး ဆုတ်ယုတ်ပျက်စီးခြင်းလည်း အကြောင်း **တစ်ပါး။ ပေါင်းနှစ်ပါး။**

ကခြင်းစသည်ကို ကြည့်ရှုနားစိုက်ခြင်း၏အစွမ်းအားဖြင့် ပွဲသဘင်ကျင်းပရာအရပ်သို့ သွားလာခြင်းသည် လက်ရှိရတနာစည်းစိမ်ဥစ္စာတို့၏ နည်းပါးဆုတ်ယုတ် ပျက်စီးခြင်း၏အကြောင်းလည်း **တစ်ပါး။**

mgyoe.com

mgyoe.com


**ပေါင်း ၃ ပါး။**

ကြွေအန်ပဆစ်၊ လောင်းတမ်းကစားခြင်းဟု ဆိုအပ်သော မေ့လျော့ကြောင်းအကျင့်၌ အဖန်ဖန်ပြုခြင်းသည် လက်ရှိရတနာ၊ စည်းစိမ်ဉစ္စာတို့၏ နည်းပါးဆုတ်ယုတ်ပျက်စီးခြင်း၏ အကြောင်းလည်း **တစ်ပါး။ ပေါင်း ၄ ပါး။**

ယုတ်မာသော အဆွေခင်ပွန်းတို့နှင့် ပေါင်းဖော်ဖက်စပ်ခြင်း၊ နည်းနိသယယခံခြင်းကို အဖန်ဖန်ပြုခြင်းသည် လက်ရှိရတနာစည်းစိမ် ဉစ္စာတို့၏ နည်းပါးဆုတ်ယုတ်ပျက်စီးခြင်း၏အကြောင်းလည်း **တစ်ပါး။ ပေါင်း ၅ ပါး။**

ကိုယ်၏ပျင်းရိခြင်း၊ စိတ်ဖြင့် ဖင့်နွဲခြင်းရှိသည်၏အဖြစ်၌ လွန်စွာအားထုတ်သည်၏အဖြစ်သည် လက်ရှိရတနာစည်းစိမ်ဉစ္စာတို့၏ နည်းပါးဆုတ်ယုတ်ပျက်စီးခြင်း၏အကြောင်းလည်း **တစ်ပါး။ ပေါင်း ၆ ပါး။**

ဤအတိုင်း ခြောက်ပါးကုန်သော စည်းစိမ်ဉစ္စာ ပျက်စီးခြင်း အကြောင်းတို့၏ မာတိကာစကားစဉ်ကို ထားသောအားဖြင့် ဟောကြားတော်မူပြီး၍ ယခုအခါ၌ ထိုစည်းစိမ်ဉစ္စာ ပျက်စီးခြင်း၏ အကြောင်းတို့ကို သုံးဆယ့်ခြောက်ပါးသော မှတ်သားဖွယ်တို့ဖြင့် ခွဲခြမ်းဝေဖန်လိုသည်ဖြစ်၍ (ဆ ခေါ မေ ဂဟပတိပုတ္တအာဒိနဝါ)စသော စကားကို ဟောတော်မူအပ်၏။

သူကြွယ်သား သိင်္ဂါလက သုရာငါးပါး၊ မေရယငါးပါးဟု ဆိုအပ်သော သူတော်ကောင်းတရား၌ လွန်စွာယစ်မူးစေတတ်၊ မေ့လျော့စေတတ်သော သေအရက်သောက်မျိုခြင်းကို အဖန်ဖန်ပြုခြင်း၌ အပြစ်တို့သည် ဤဆိုလတ္တံ့သော အခြင်းအရာအားဖြင့် ခြောက်ပါးတို့တည်း။ ကိုယ်တိုင်ပြုလုပ်မှုရအပ်သော ယခုလောက ပစ္စက္ခ၌ဖြစ်ပွားလတ္တံ့

mgyoe.com


တိုးပွားလတ္တံ့သော စည်းစိမ်ဥစ္စာ၏ ဆုံးရှုံးခြင်းတစ်ပါး။ တစ်နည်းအားဖြင့် အသက်ရှည်ကြာ နှစ်နှစ်ရာအတွင်း စည်းစိမ်ဥစ္စာ၏ဆုံးရှုံးခြင်း တစ်ပါး။ (ဤ နောက်နည်းကား ဋီကာအလို) နှုတ်စကားဖြင့် ငြင်းခုံခိုက်ရန်များခြင်း၊ လက်ကိုဆွဲယမ်းမွှေ့ခြင်း စသော အရက်သမားတို့၏ ပြုကျင့်နည်းဖြင့် ပြုလုပ်ခြင်းလည်း **တစ်ပါး။ ပေါင်း နှစ်ပါး။** ထိုထို မျက်စိနာ၊ နားကိုက်နာ စသည်တို့၏ဖြစ်ကြောင်းလည်း **တစ်ပါး။ ပေါင်းသုံးပါး။** မျက်မြင်ကိုယ်တွေ့ လောကကြီး၌ ကြီးစွာသော အရှက်တကွဲအကျိုးနည်းဖြစ်ခြင်း၊ သံသရာလောက နောက်ဘဝ၌ ကြောက်မက်ဖွယ်သော ဆင်းရဲဒုက္ခနှင့် တွေ့ကြုံရခြင်းလည်း **တစ်ပါး။ ပေါင်း လေးပါး။** သေကို သောက်မျိုတတ်သော အရက်သမားများသည် မြင်းမိုရ်တောင်မက ဂုဏ်ကြီးလှသော မိဘနှစ်ပါးကိုလည်းကောင်း။ ၎င်းမှတစ်ပါး မြောက်မြားသော အသင်းသူအသင်းသား သူတော်ကောင်းများကိုလည်းကောင်း။ ရိုက်နှက်ခြင်းကိုလည်း ပြုကုန်၏။ မဆိုသင့် မပြောသင့်သောစကားကို ပြောဆိုကုန်၏။ မပြုသင့် မရှုက်ဆောင်သင့်သော အမှုကိစ္စကို ရှုက်ဆောင်ကုန်၏။ ထိုအကြောင်းများကြောင့် ကဲ့ရဲ့ခြင်းသို့လည်းကောင်း၊ ဒဏ်ပေးခံရခြင်းသို့ လည်းကောင်း၊ လက်ခြေစသည်ကို အဖြတ်ခံရခြင်းသို့ လည်းကောင်း၊ ရောက်ကုန်လျက် မျက်မြင်ကိုယ်တွေ့ လောကကြီး၌လည်းကောင်း၊ သံသရာဘဝ၊ နောင်ကာလ၌လည်းကောင်း၊ တန်ခိုးသတင်း ကျော်စောခြင်းမရှိခြင်းသို့ ရောက်ကုန်၏။ ထို့ကြောင့် ထိုသေသောက်သော အရက်သမားတို့၏ သေအရက်သည် တန်ခိုးသတင်း ကျော်စောခြင်းမရှိသည်ကို ဖြစ်စေတတ်သည်မည်၏။

အရှက်အကြောက်ကို ဖြစ်စေတတ်သော အင်္ဂါကြီးငယ်၊ အရှက်အကြောက်ကို ဖြစ်စေတတ်သောအမှုတို့ကို ဖွင့်လှစ်ပြဆိုလျက် လှည့်လည်ပြောဆိုတတ်သည်ဖြစ်၍ အရှက်အကြောက်ကင်းစေခြင်းလည်း

mgyoe.com